ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ (26-12-2007) (၅၅၄၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုးတက်လာမည့်လူဦးရေအတွက်ပါ မျှော်မှန်းပြီး ဆန်ပိုလုံအောင် ကြိုးပမ်းလျက်ရှိ စားသုံးဆီ ပိုလုံအောင်ထွက်ရှိရေးအတွက် တောင်သူများက ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၂၅

မွန်ပြည်နယ် မော်လမြိုင်မြို့၌ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ထွက်ခွာပြီး နံနက် ၈ နာရီတွင် ဇာသပြင်ထိပ် ကရင်ပြည်နယ်ဘက်ကမ်းသို့ ရောက်ရှိရာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ဘားအံမြို့သို့ရောက်ရှိပြီး ဘားအံမြို့၏ ဖွံ့ဖြိုးတိုးတက်စည်ပင်မှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေးသည် လှိုင်းဘွဲမြို့နယ် ရွှေဂွန်းကျေးရွာ မြိုင်ကြီးငူအထူးဒေသရှိ ဘေသဇ္ဇမုနိဘုရားကြီးသို့ ရောက်ရှိဖူးမြော်ကြည်ညိုသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးနှင့် တိုင်းမှူးတို့သည် မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနအား ဖူးမြော်ကြည်ညိုပြီး သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်တော်၊ ဆီတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

ကြည့်ရှု စစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး ရွှေဂွန်းကျေးရွာ တောင်သူဦးသောင်းစိန်၏ လယ်မြေတွင် စိုက်ပျိုးထားသော မြေပဲနှင့် ကြာသီးနှံ နေကြာစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြေးမုံ အင်တာနက် ကျန်းမာရေးသတင်း

အမျိုးသမီးများသာမက အမျိုးသားများလည်း အရိုးပွရောဂါဖြစ်နိုင်ကြောင်း လေ့လာတွေ့ရှိ

လော့စ်အိန်ဂျလိစ် ဒီဇင်ဘာ ၂၅

အရိုးပွရောဂါကို အမျိုးသမီးများနည်းတူ အမျိုးသားများလည်း ဖြစ်ပွားနိုင်ကြောင်း ဆရာဝန်များက ဖော်ထုတ်တွေ့ရှိကြသည်။

အမေရိကန်တွင် အမျိုးသား ငါးဦးလျှင် တစ်ဦးသည် အရိုးပွရောဂါကို

စာမျက်နှာ ၈ ကော်လံ ၂ သို့ ✻



ပုံမှန်အရိုးဖွဲ့စည်းပုံနှင့် အရိုးပွရောဂါဖြစ်နေသော အရိုးဖွဲ့စည်းပုံတို့ကို နှိုင်းယှဉ်ဖော်ပြထားသည့် သရုပ်ပြပုံ။

မြန်မာနိုင်ငံတွင် အရည်အသွေးကောင်းကော်ဖီ စိုက်ပျိုးထုတ်လုပ်ရန် ရေမြေရာသီဥတုသင့်လျော် ပုဂ္ဂလိကလုပ်ငန်းရှင်များ ကော်ဖီစိုက်ပျိုးရေးတွင် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းကောင်းများရှိ

သတင်းဆောင်းပါး–ဝင်းနိုင်(ကြေးမုံ)၊ ဓာတ်ပုံ–ဌေးအောင်(ကြေးမုံ)

ရန်ကုန် ဒီဇင်ဘာ ၂၅

နိုင်ငံတော်က ပြည်ပပို့ကုန် အမယ်သစ်များ ရှာဖွေရန်နှင့် ပြည်ပဈေးကွက်ရှိပြီးဖြစ်သည့် ကော်ဖီကို ဖြစ်ထွန်းအောင်မြင်နိုင်သည့် ပြင်ဦးလွင်မြို့နယ်နှင့် နောင်ချိုမြို့နယ်တို့တွင် တိုးချဲ့စိုက်ပျိုးရန် လမ်းညွှန်မှုဖြင့် စိုက်ပျိုးမြေများ ဖော်ထုတ်ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ရင်းနှီးမြှုပ်နှံစိုက်ပျိုးကြရန် ဖိတ်ခေါ်ခဲ့ရာ ယခုအခါ အောင်မြင်ဖြစ်ထွန်းနေသော ပုဂ္ဂလိက ကော်ဖီခြံကြီးများ ပေါ်ပေါက်လာသည်ကို တွေ့ရသည်။

စာမျက်နှာ ၈ ကော်လံ ၅ သို့ ▲



အသီးမှည့်များဖြင့် ပြည့်လျှမ်းနေသော ကော်ဖီသီးခိုင်ကို တွေ့ရစဉ်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၆–၁၂–၂၀၀၇
(ဗုဒ္ဓဟူးနေ့)

ဇီဝမျိုးစုံမျိုးကွဲများ တည်တံ့ရေးအလေးထား ရှားပါးတောရိုင်းတိရစ္ဆာန်များ ဝိုင်းဝန်းထိန်းသိမ်း

သစ်တော၊ သစ်ပင်၊ သားငှက်နှင့်တောရိုင်း တိရစ္ဆာန်မျိုးစုံတို့သည် ဇီဝမျိုးစုံမျိုးကွဲများဖြစ်သည်။ ကမ္ဘာပေါ်တွင် ပိုးမွှားအပါအဝင် သားငှက် တိရစ္ဆာန်မျိုးစိတ်ပေါင်း တစ်သန်းကျော်ရှိသည်။

မြန်မာနိုင်ငံသည် အာရှတိုက်ရှိ ဇီဝမျိုးစုံ မျိုးကွဲအကြွယ်ဝဆုံးနိုင်ငံများတွင် ပါဝင်သည်။ ဇီဝမျိုးကွဲလေ့လာမှု မှတ်တမ်းများအရ ပန်းပင်မျိုးပေါင်း တစ်သောင်းကျော်၊ သစ်ခွမျိုးပေါင်း ရှစ်ရာကျော်၊ လိပ်ပြာမျိုးပေါင်း တစ်ထောင်ကျော်၊ လင်းနို့မျိုးပေါင်း ကိုးဆယ်ကျော်နှင့် ငှက်မျိုးပေါင်း တစ်ထောင်ကျော်ရှိကြောင်း သိရသည်။

ကမ္ဘာပေါ်တွင် မျိုးသုဉ်းပျောက်ကွယ်ရန် အလားအလာရှိသည့် ဇီဝမျိုးစိတ် ၁၄၄ မျိုးအနက် ကိုးမျိုးမှာ မြန်မာနိုင်ငံတွင်သာ တွေ့ရှိနိုင်တော့ကြောင်းသိရသည်။ ယင်းမျိုးစိတ် ကိုးမျိုးတွင်ပါဝင်သည့် ရွှေသမင်များကို စစ်ကိုင်းတိုင်း ချပ်သင်းဘေးမဲ့တောအတွင်း ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ အရှေ့တောင်အာရှတွင် ရွှေသမင်မျိုးကွဲ သုံးမျိုးတွေ့ရှိခဲ့ကြသော်လည်း ယခုအခါ မြန်မာ့ရွှေသမင်တစ်မျိုးတည်းသာ ကျန်ရှိတော့သည်။

ထို့အပြင် ကမ္ဘာတစ်ဝန်း၌ ကျားကောင်ရေ လျော့နည်းကျဆင်းလျက်ရှိပြီး ယခုအခါ ကျားကောင်ရေ သုံးထောင်ခန့်သာ ရှိတော့ရာ ကျားမျိုးသုဉ်းမှုအန္တရာယ် ကာကွယ်ရေး ဝိုင်းဝန်းဆောင်ရွက်နေကြသည်။ မြန်မာနိုင်ငံတွင် ကျားကောင်ရေ တစ်ရာခန့် ကျန်ရှိနေပြီး ဟူးကောင်းချိုင့်ဝှမ်းဒေသတွင် သစ်တောဦးစီးဌာနနှင့် သားရဲတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (WCS)တို့ ပူးပေါင်းပြီး ကျားထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ မြန်မာနိုင်ငံအပါအဝင် ကျားကောင်ရေ အများဆုံးကျန်ရှိနေသည့် အာရှ ၁၂ နိုင်ငံတို့ ပူးပေါင်း၍ ကျားထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ စီစဉ်လုပ်ဆောင်လျက်ရှိသည်။

ဟူးကောင်းချိုင့်ဝှမ်း၊ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်၊ အလောင်းတော်ကဿပအမျိုးသားဥယျာဉ်၊ ရွှေစက်တော်ဘေးမဲ့တော၊ အင်းလေးကန်ဘေးမဲ့တော၊ အင်းတော်ကြီးအိုင်ဘေးမဲ့တောနှင့် မိုးယွန်းကြီးအင်းဘေးမဲ့တော စသည်တို့သည် သားငှက်တိရစ္ဆာန်နှင့် ဇီဝမျိုးကွဲများစွာ တွေ့ရှိနိုင်သော နယ်မြေဒေသများဖြစ်သည်။

ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေးသည် လူသားမျိုးဆက်များအတွက် အရေးပါသောလုပ်ငန်းတစ်ခုဖြစ်ရာ စည်းကမ်းမဲ့ သစ်ခုတ်ခြင်း၊ အမဲလိုက်ခြင်း၊ တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားခြင်းတို့ကို စနစ်တကျ ကြပ်မတ်ဆောင်ရွက်ပြီး ရှားပါးသော သားငှက်နှင့် တောရိုင်းတိရစ္ဆာန်များအား ပြည်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြခြင်းဖြင့် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့နေမည်ဖြစ်ပါသည်။ ။

ပေးအပ်လှူဒါန်း

ကွယ်လွန်သူမိဘများအားရည်စူး၍ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းစိန်လမ်း အောင်လှရိပ်သာနေ ဦးမောင်လွင်–ဒေါ်သန်းသန်းဌေးမိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယက ဆရာတော်ဘဒ္ဒန္တနန္ဒကထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ–နိ(ပင်မ) ဥက္ကဋ္ဌ ရွှေစင်အကယ်ဒမီ ဦးသူတော်ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂၅

မြန်မာ–ဗီယက်နမ် တတိယအကြိမ် မူဝါဒရေးရာ ညှိနှိုင်းဆွေးနွေးပွဲ တက်ရောက်ရန် ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဒေါင်ဗီယက်ကျူး(င်) ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လာရောက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား တွေ့ဆုံသည်။ ထိုသို့လာရောက်တွေ့ဆုံစဉ် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များကို ပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဒေါင်ဗီယက်ကျူး(င်) လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြိုင်ဆရာတော် တရားပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၅

ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ ဓမ္မကထိက ဗဟုဇနဟိတဓရ၏ တပည့် မြိုင်ဆရာတော် အရှင်ပညာဓောတ (ဓမ္မာစရိယ နယ်လှည့်ဓမ္မကထိက) အရှင်သူမြတ်သည် ဒီဇင်ဘာ ၂၄ ရက်မှ ဇန်နဝါရီ ၇ ရက်အထိ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂါယာ ဘုရားဖူးခရီးစဉ်နှင့် ဇန်နဝါရီ ၈ ရက် နှင့် ၉ ရက်တို့တွင် မွန်ပြည်နယ် သိမ်ဇရပ်မြို့ ဓမ္မသဘင်၊ ဇန်နဝါရီ ၁၂ ရက်တွင် ကမာရွတ်မြို့နယ် (၁) ရပ်ကွက်ရွာမကျောင်းလမ်း ဓမ္မသဘင်နှင့် ဇန်နဝါရီ ၁၃ ရက်တွင် အင်းစိန်မြို့နယ် ပေါက်တောရပ်ကွက် ဆွမ်းအောင်ပွဲဓမ္မသဘင်၌ ည ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က–ပ)

ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် ရန်ကုန်တိုင်းအတွင်းရှိ ဥပဒေရုံးများအား လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၅

ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက် ၉ နာရီတွင် တောင်ဥက္ကလာပမြို့နယ်ဥပဒေရုံးနှင့်ယင်းရုံးဝင်းအတွင်းရှိရှေ့နေချုပ်ရုံး သင်တန်းခန်းမ အဆောက်အအုံအသစ်တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် ဥပဒေရုံး၌ ခရိုင်ဥပဒေအရာရှိနှင့် ခရိုင်အတွင်းရှိ မြို့နယ်ဥပဒေအရာရှိများအား တွေ့ဆုံသည်။

ရှေးဦးစွာ ရှေ့နေချုပ်ရုံးခွဲ(ရန်ကုန်)၌ ရန်ကုန်တိုင်း ဥပဒေရုံးနှင့် ခရိုင်ဥပဒေရုံးများမှ ဥပဒေအရာရှိများအားလည်းကောင်း၊ ရှေ့နေချုပ်ရုံးခွဲ (ရန်ကုန်)မှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဥပဒေအရာရှိများနှင့်လည်းကောင်း တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယရှေ့နေချုပ်ကစိတ်ကောင်းစေတနာထားပြီး တာဝန်ကိုကျေပွန်စွာထမ်းဆောင်ကြရန်နှင့် လက်အောက်ဝန်ထမ်း များအားမိသားစုဝင်များသဖွယ် ဆက်ဆံကြရန် စသည်ဖြင့် ဆွေးနွေးမှာကြား ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နှစ်ဖက်မိဘများနှင့် ဦးချစ်အား ရည်စူး၍ ကမာရွတ်မြို့နယ် လှည်းတန်း (၁) လမ်းနေ ဦးထွန်းရင်–ဒေါ်အုံး(စေတနာရှင်) မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်းပဒေသာပင် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။

(က–ပ)

ရွှေနိုင်ငံသတင်းဂျာနယ် အတွဲ(၆) အမှတ်(၁၅)ထွက်ပြီ

ရန်ကုန် ဒီဇင်ဘာ ၂၅

သတင်းများ ဝေဝေဆာဆာဖြင့် ရွှေနိုင်ငံသတင်းဂျာနယ် အတွဲ(၆)၊ အမှတ် (၁၅)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါဂျာနယ်တွင်ချစ်နိုင်(စိတ်ပညာ)၏ စာတွေ့၊ လက်တွေ့၊ စိုးသီဟစိုး၏ ရန်ကုန်–မန္တလေးမီးရထားလမ်း တစ်ခေတ်ဆန်းပြီ၊ ရောမြေမောင်လွမ်းဝေ၏ မြန်မာ့လွတ်လပ်ရေး အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရေးသို့၊ သတင်းစာဆရာ တစ်ဦး၏ ပင်လုံစိတ်ဓာတ် (သို့မဟုတ်) ပြည်ထောင်စုစိတ်ဓာတ်ကို ဖော်ပြနေသည့် မေတ္တာပေါင်းကူးလမ်းနှင့်တံတားများ၊ပေါင်းတည်မြလှိုင်(တိုင်းရင်းသား)၏ ကောင်းမွေဆက်ခံရွှေနိုင်ငံ၊ လေ့လာသူတစ်ဦး၏ မြန်မာ့တိုင်းရင်းဆေးလောက ပိုမိုဖွံ့ဖြိုးတိုးတက်ရေးမှသည် နိုင်ငံတကာသို့ ထွန်းပေါက်ကျော်ကြားရေးသို့၊ မြင့်သူရ၏ စင်ကာပူတိရစ္ဆာန်ဥယျာဉ်မှာလာရောက်သူများပြားလှစေသည့်သတင်း၊ဆောင်းပါးများအပြင် ပြည်တွင်း၊ ပြည်ပသတင်းများ စုံစုံလင်လင် သတင်းဓာတ်ပုံဝေဝေဆာဆာဖော်ပြပါရှိကြောင်း သိရသည်။

ရွှေနိုင်ငံဂျာနယ် ဝယ်ယူနိုင်သည့် ဆိုင်များမှာ မန္တလေး ထွန်းဦးစာပေ၊ ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ၂၉ လမ်း ဆင်တောင်ကြီးစာပေ၊ လမ်း ၃၀ အမှတ်–၂၁၄ တင်စိုးစာပေ၊ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာအုပ်ဆိုင်၊ ပန်းရွှေပြည်စာအုပ်ဆိုင်တို့ဖြစ်ကြပြီး အနယ်နယ် အရပ်ရပ်ရှိ စာမူများကိုဖိတ်ခေါ်ထားရာ ဆက်သွယ်ရန်နှင့် စာမူပေးပို့ရန် လိပ်စာမှာ ရွှေနိုင်ငံဂျာနယ်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းရုံး အဆောက်အအုံ အမှတ် (၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁–၃၈၂၀၇၀ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးသတိပြု

ရန်ကင်းမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုအောင်နှင့် မီးသတ်ဦးစီးဌာနတောင်ဥက္ကလာပဇုန် ရန်ကင်းမြို့နယ် မြို့နယ်မှူးဦးစိုးဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ၁၁ရပ်ကွက်အတွင်းရှိ အိမ်ထောင်စုများက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးစဉ်။

(၃၅)

တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ ဝါးခယ်မမြို့နယ်နှင့် မော်လမြိုင်ကျွန်းမြို့နယ်တို့တွင် ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၅

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေသည် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းမော်နှင့် အဖွဲ့ဝင်များ၊ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးဝင်းဌေးနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သူရတင်လှနှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၁၂ ရက်က ဝါးခယ်မမြို့သို့ သွားရောက်ခဲ့သည်။

ယင်းနောက် တိုင်းမှူးသည် ဝါးခယ်မမြို့ ရွှေခယ်သီရိခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ဒေသပြည်သူများအားတွေ့ဆုံရာ ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးလှမြင့်က မြို့နယ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက တက်ရောက်လာသူများအား နိုင်ငံတော်၏ လယ်ယာနှင့် သားငါးကဏ္ဍတွင် အားထားရသော တိုင်းတစ်တိုင်းဖြစ်သဖြင့် မိမိတာဝန်ကျရာ တိုင်းအတွင်း ဂုဏ်ယူစွာနှင့် တာဝန်ကိုကျေပွန်စွာဖြင့် ထမ်းဆောင်ရေး၊ မိမိတာဝန်ထမ်းဆောင်ချိန်၌ ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ရာတွင် သမိုင်းမှတ်တိုင်အဖြစ် ကျန်ရှိစေရေး၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် စံနမူနာတစ်ရပ်ထားရှိကာ ဒေသအတွင်း တာဝန်ရှိသူအသီးသီးက တက်ညီလက်ညီ ရိုင်းပင်းကူညီလုပ်ကိုင်သွားရေး မှာကြားကာ တိုင်းမှူးသည် တက်ရောက်လာသူများအားရင်းရင်းနှီးနှီးနှုတ်ဆက်၍ ဝါးခယ်မမြို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးသည် ဝါးခယ်မမြို့ စာရေးကုန်းရပ်ကွက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၌ ဆောင်ရွက်နေသော ရေကောင်းရေသန့်ရရှိရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တိုင်းမှူးအား မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန အင်ဂျင်နီယာ ဦးဇော်ဝင်းထွဋ်က မြို့ပြရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ ရေသန့်စင်သိုလှောင်ကန်ဖြင့် ရပ်ကွက်အလိုက် ရေဖြန့်ဝေပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များအား မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝါးခယ်မမြို့ စည်ပင်သာယာရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း ရေကောင်းရေသန့် ရရှိရေးအတွက် အနက်ပေ ၇၂၀ ရှိ အဝီစိတွင်း ရှစ်တွင်းအား တူးဖော်ပြီးစီးခဲ့ပြီး စာရေးကုန်းရပ်ကွက်တွင် ရေဂါလန် ၂၀၀၀၀ ဆံ့ ရေသန့်စင်ကန်မှ ရပ်ကွက်အလိုက် ရေပိုက်လိုင်းများသွယ်တန်းကာ ရေဘုံပိုင် ပိုက်ခေါင်းများဖြင့် ရေပေးဝေရေး ဆောင်ရွက်ထားလျက်ရှိသည်။

ယင်းနောက် တိုင်းမှူးနှင့် ဇနီးတို့သည် ဝါးခယ်မမြို့မှ ဆက်လက်ထွက်ခွာပြီး မော်လမြိုင်ကျွန်းမြို့သို့ ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုကြပြီး တိုင်းမှူးသည် မော်လမြိုင်ကျွန်းမြို့နယ် အမြောက်တပ်ခန်းမ၌ အရာရှိ၊ စစ်သည် အိမ်ထောင်စုဝင်များအား တွေ့ဆုံကာ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်၍ အိမ်ထောင်စုဝင်များမှ ဝင်ငွေ၊ ထွက်ငွေချင့်ချိန်ကာ ခြိုးခြံချွေတာ သုံးစွဲရေး မှာကြားပြီး မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် တိုင်းမှူးသည် မော်လမြိုင်ကျွန်းမြို့နယ် မော်ဧရာ အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသပြည်သူများအားတွေ့ဆုံရာ ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်က မြို့နယ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအား ဆောင်ရွက်ရာတွင် စိတ်ကောင်း စေတနာကောင်းထားရှိ လုပ်ကိုင်ဆောင်ရွက်ပြီး လုပ်ငန်းရပ်တိုင်း၌ စာရင်းဇယားများ တိကျမှန်ကန်အောင်၊ နိုင်ငံတော်ကချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်များ အောင်မြင်အောင် ကြိုးပမ်းအားထုတ် အကောင်အထည်ဖော်သွားရေး မှာကြားကာ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ညပိုင်းတွင် တိုင်းမှူးနှင့် ဇနီးတို့သည် မော်လမြိုင်ကျွန်းမြို့ မြို့မ (၄)ရပ်ကွက်ရှိ လောကသကျမာရဇိန် ဆုတောင်းပြည့်ဘုရားကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကန်တော့ကာ ဘုရားကြီးဘက်စုံပြုပြင်မွမ်းမံရေးအတွက် အလှူတော်ငွေများ ပေးအပ်လှူဒါန်းသည်။

ဒီဇင်ဘာ ၁၃ ရက်တွင် တိုင်းမှူးနှင့် ဇနီးတို့သည် မော်လမြိုင် ကျွန်းမြို့နယ် ဖိုးသာအေး ကျေးရွာအုပ်စုတွင် အောင်မြင်ဖြစ်ထွန်းနေသော တောင်သူများ၏ ဥမုန်လာ၊ အက်စ်တာ ပန်းနှင့် ခြံစည်းရိုးကြက်ဆူများကို စိုက်ခင်းအလိုက် ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

မော်လမြိုင်ကျွန်းမြို့နယ် ဖိုးသာအေး ကျေးရွာအုပ်စုတွင် ဒေသတောင်သူများက တစ်နှစ်ပတ်လုံး ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရာတွင် ရာသီအလိုက် ပဲလင်းမြွေ၊ မုန်လာ(ဒေသမျိုး)၊ မုန်လာ (ယိုးဒယား)နှင့် မြေပဲတို့ကို စိုက်ပျိုး ထုတ်လုပ်လျက်ရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ မော်လမြိုင်ကျွန်းမြို့နယ် ဖိုးသာအေးကျေးရွာအုပ်စုတွင် အောင်မြင်ဖြစ်ထွန်းနေသော တောင်သူများ၏ မုန်လာ(ဒေသမျိုး) စိုက်ခင်းအား ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မဟာဇေယျအတုလမာရဇိန် ကြေးသွန်းဘုရားကြီး၏ (၉၃)ကြိမ်မြောက် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာနှင့် လှူဒါန်းမှုအစုစု ရေစက်ချမင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက်က အဆိုပါဘုရားကြီးရင်ပြင်၌ ကျင်းပရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးချစ်မြိုင်နှင့် အဖွဲ့ဝင်များက ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး၏ စီစဉ်ကြီးကြပ်မှုဖြင့် ပြည်သူများမီးဘေး ကြိုတင်ကာကွယ်ရေး သတိမူရေးအတွက် ဒီဇင်ဘာ ၁၅ ရက်က လေးဒေါင့်ကန်ရပ်ကွက်၌ မြို့နယ် အရန်မီးသတ်တပ်ရင်းရုံးမှ ဒုတိယတပ်ရင်းမှူး၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးစိန်ဇော်မိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်တပ်ခွဲမှူး ဦးသန်းအေးနှင့် တပ်ခွဲမှူးများ၊ တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ပြည်သူများ စည်းကမ်းတကျ မီးဖိုမီး သုံးစွဲမှု ရှိ၊ မရှိ လိုက်လံစစ်ဆေး ဆွေးနွေးမှာကြားစဉ်။

(၅၀၆)

တောင်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက် မီးဘေးကာကွယ်တားဆီးရေး ဟောပြောပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက်က (၈)ရပ်ကွက်မွှာရုံ၌ကျင်းပရာ သဘာပတိ ဦးမြင့်ကျော် အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးစိုးဝင်း မီးဘေးကာကွယ်တားဆီးရေးအကြောင်း ဆွေးနွေးဟောပြောစဉ်။

(မြို့နယ်ပြန်/ဆက်)

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကံဘဲ့ဘူတာရုံလမ်း ပဌနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက်ရှိ ရန်ကုန် နိကာယ်သာသနာတော် ထွန်းကားရေးအသင်းကြီး၏ စာသျှောက်မေးပွဲ ထာဝရ ပဒေသာပင်အတွက် တာမွေမြို့နယ် ကျောက်မြောင်း ပုသိမ်ညွန့်ရပ်ကွက်၊ ဣန္ဒာသယလမ်းနေ ဒေါ်ခင်ဝိ၊ ဒေါ်အမာ၊ ဒေါ်တင်တင်ယု၊ တူမ မယုယုခင်တို့က အလှူငွေကျပ် တစ်သိန်းကို အသင်းဥက္ကဋ္ဌ ဦးသောင်းလွင်ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

Ultrolube အမျိုးအစားအင်ဂျင်ဝိုင် အရောင်းမြှင့်တင်ပွဲနှင့် နှစ်သစ်ကူး ညစာစားပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၅

Top Three Co., Ltd. ၏ Ultrolube အမျိုးအစားအင်ဂျင်ဝိုင် အရောင်းမြှင့်တင်ပွဲနှင့် နှစ်သစ်ကူး ညစာစားပွဲကို ယမန်နေ့က Parkroyal Hotel ၌ ကျင်းပရာ ဌာနဆိုင်ရာများ၊ ရန်ကုန်နှင့် နယ်မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် စင်ကာပူနိုင်ငံ Ultrolube Pte Ltd. အရောင်းမန်နေဂျာ Mr. Richard Peh နှင့် Top Three Co., Ltd. ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးပက်ထရစ်စိန်ရင်တို့က အမှာစကားပြောကြားကြသည်။

Ultrolube အင်ဂျင်ဝိုင်သည် အမေရိကန်နည်းပညာကို အခြေခံကာ စင်ကာပူနိုင်ငံတွင် ထုတ်လုပ်၍ အင်ဒိုနီးရှား၊ မလေးရှား၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နိုင်ငံတို့တွင် ဖြန့်ဖြူးလျက်ရှိပြီး မြန်မာနိုင်ငံအတွက် Top Three Co., Ltd. က တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ယမန်နှစ်က စတင်ကာ ဖြန့်ဖြူးလျက်ရှိသည်။

Ultrolube အင်ဂျင်ဝိုင်ကို နယ်မှ ကိုယ်စားလှယ် ရယူလိုသူများအနေဖြင့် Top Three Co., Ltd. ဖုန်း-၀၉-၅၀၁၂၈၈၁၊ ၀၉-၅၁၁၃၁၄၉၊ ၀၉-၅၀၀၃၃၆၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

Top Three Co., Ltd. **၏ Ultrolube အမျိုးအစား အင်ဂျင်ဝိုင် အရောင်းမြှင့်တင်ပွဲနှင့် နှစ်သစ်ကူး ညစာစားပွဲတွင် စင်ကာပူနိုင်ငံ** Ultrolube Pte Ltd. **အရောင်းမန်နေဂျာ** Mr. Richard Peh **အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

ပုညသာမဂ္ဂီဓမ္မဗိမာန်တော် ရေစက်ချအလှူမင်္ဂလာ

ရန်ကုန် ဒီဇင်ဘာ ၂၅

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီးမီးရှူးသန့်စင်ဖွားမြင်ရာ အမရပူရမြို့ ဥယျာဉ်တော်ရွာ အိမ်တော်မင်္ဂလာနေရာ၌ အများကောင်းမှုပေါင်းစုကာ ခမ်းနားထည်ဝါစွာ တည်ဆောက်ပြီးစီးသော ပုညသာမဂ္ဂီဓမ္မဗိမာန်တော် ရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနားကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၄ ရက်အထိကျင်းပမည်ဖြစ်ရာ ကုသိုလ်ရှင်များ ကြွရောက်၍ ရေစက်ချ တရားနာယူကြပါရန် အကျိုးတော်ဆောင်အဖွဲ့ ဖုန်း-၅၈၄၃၇၆က နှိုးဆော်ထားသည်။

(က-ပ)

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ ပညာပေးလုပ်ငန်း ဆောင်ရွက်နေသည်ကို ဒီဇင်ဘာ ၂၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အီရတ်မြောက်ပိုင်းရှိ ကာ့ဒ်ပြောက်ကျားစခန်းများကို တူရကီစစ်လေယာဉ်များ လေကြောင်းမှ တိုက်ခိုက်

တန်ဆယ်လီ(တူရကီ) ဒီဇင်ဘာ ၂၅

တူရကီစစ်လေယာဉ်များသည် အီရတ်နိုင်ငံမြောက်ပိုင်းရှိ ကာ့ဒ်ပြောက်ကျားများ၏ စခန်းများကို စနေနေ့က လေကြောင်းမှ တိုက်ခိုက်ခဲ့ကြောင်း၊ နယ်စပ်ဖြတ်ကျော် ထိုးစစ်ဆင်တိုက်ခိုက်မှုဖြစ်ကြောင်း တူရကီကြည်းတပ် ဦးစီးချုပ်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

တူရကီနိုင်ငံ နယ်မြေအတွင်းနှင့် အီရတ်မြောက်ပိုင်း နယ်စပ်ဒေသတို့တွင် လှုပ်ရှားနေသည့် ကာ့ဒ် အလုပ်သမားများပါတီ (ပီကေကေ) အမည်ရှိ ခွဲထွက်ရေးသူပုန်အဖွဲ့ကို မိမိတို့ ချေမှုန်းလျက်ရှိကြောင်း တူရကီ စစ်ဘက်က ပြောကြားသည်။

တူရကီလေတပ်မှ စစ်လေယာဉ်များသည် အီရတ်မြောက်ပိုင်းရှိ သူပုန်စခန်းများကိုတိုက်ခိုက်လျက်ရှိကြောင်း၊ အီရတ်မြောက်ပိုင်းဒေသသည် သူပုန်တို့အတွက် လုံခြုံမှုမရှိသည့် နေရာဖြစ်လာပြီဖြစ်ကြောင်း၊ သူပုန်တပ်ဖွဲ့ဝင်များ နယ်စပ်ဖြတ်ကျော်တိုက်ခိုက်မှုများ ပြုလုပ်နိုင်တော့မည် မဟုတ်ကြောင်း စစ်ဘက်ကြေညာချက်တွင် ဖော်ပြသည်။

ခွဲထွက်ရေးဝါဒီ သူပုန်အဖွဲ့ကို ချေမှုန်းနိုင်ရေးအတွက် အင်အားသုံးစွဲပိုင်ခွင့်ရှိသည်ဟု တူရကီအစိုးရက ပြောကြားသည်။ မကြာသေးမီ လများအတွင်း သူပုန်အဖွဲ့၏ တိုက်ခိုက်မှုများကြောင့် တူရကီတပ်ဖွဲ့ဝင်အချို့ သေဆုံးခဲ့သည်။ တူရကီနိုင်ငံ၏ စစ်ဆင်ရေးလုပ်ငန်းကြောင့် ဒေသတွင်း တင်းမာမှုများ ပေါ်ပေါက်နိုင်သည့်အရေးကို ကမ္ဘာ့နိုင်ငံများက စိုးရိမ်ပူပန်လျက်ရှိသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ဟားမတ်စ်စစ်သွေးကြွများနှင့် ဆွေးနွေးရန် အစ္စရေးဝန်ကြီးချုပ် ပယ်ချ

ဂျေရုဆလင် ဒီဇင်ဘာ ၂၄

ဟားမတ်စ် စစ်သွေးကြွများနှင့် ဆွေးနွေးရန်ကိစ္စကို အစ္စရေးဝန်ကြီးချုပ် အီးဟွတ် အိုးလ်မတ်က ဒီဇင်ဘာ ၂၃ရက်တွင် ပယ်ချလိုက်သည်။

ဂါဇာကမ်းမြောင်ဒေသကို ထိန်းချုပ်ထားသော ဟားမတ်စ်စစ်သွေးကြွတို့ကို ချေမှုန်းသွားနိုင်ရန် အစ္စရေးကြည်းတပ်က စစ်ဆင်ရေးဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယင်းစစ်သွေးကြွများက နယ်စပ်ဖြတ်ကျော်ကာ အစ္စရေးနိုင်ငံအတွင်းသို့ ဒုံးကျည်များဖြင့် ပစ်ခတ်မှုများ ပြုလုပ်နေကြောင်း အိုးလ်မတ်က ပြောကြားသည်။

အစ္စရေးအစိုးရ၏ မဟာဗျူဟာရည်မှန်းချက်တစ်ရပ်မှာ ပင်လယ်ကမ်းရိုးတန်းဒေသရှိ ဂါဇာကမ်းမြောင်ကိုထိန်းချုပ်ထားသော ဟားမတ်စ်အစိုးရ အဖွဲ့ကို ဖြုတ်ချရန်ဖြစ်ကြောင်း၊ စစ်ရေးနှင့် စီးပွားရေးတို့အရ ဆက်လက် ဖိအားပေးသွားရန်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ဂါဇာကမ်းမြောင်တွင် လွန်ခဲ့သည့် ရက်သတ္တပတ်က အစ္စရေးတပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း စစ်သွေးကြွ ၂၀ ကျော် သေဆုံးခဲ့ရသည်။ အစ္စရေးနိုင်ငံသည် ဟားမတ်စ်အဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရယူမည်မဟုတ်ကြောင်း ဝန်ကြီးအဖွဲ့ အစည်းအဝေးတွင် အိုးလ်မတ်က ပြောကြားသည်။

စစ်သွေးကြွများအပေါ် ထားရှိသည့် မိမိတို့၏ မူဝါဒကို ပြောင်းလဲမည်မဟုတ်ကြောင်း၊ အရှေ့အလယ်ပိုင်း အရေး လေးပွင့်ဆိုင်ဆွေးနွေးရေးအဖွဲ့မှ စေ့စပ်ရေးမှူးများ၏ တောင်းဆိုချက်များကို မိမိတို့လက်မခံကြောင်း အိုးလ်မတ်က ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

တရုတ်နိုင်ငံ ဟောင်ကောင်မြို့၌ ကွန်ပျူတာဆော့ဖ်ဝဲ အရောင်းဆိုင်တစ်ဆိုင်ကို ဒီဇင်ဘာ ၂၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အဲဘတ်စ်လေယာဉ် အစင်း ၃၀ ဗီယက်နမ်လေကြောင်းဌာန ဝယ်ယူမည်

ဟနွိုင်း ဒီဇင်ဘာ ၂၅

ဗီယက်နမ်နိုင်ငံပိုင် လေကြောင်းဌာနနှင့် ဗီယက်နမ်လေယာဉ်ငှားရမ်းရေးကုမ္ပဏီ (ဗွီအေအယ်လ်စီ)တို့သည် အဲဘတ်စ်ကုမ္ပဏီထံမှ လေယာဉ်အစင်း ၃၀ ဝယ်ယူမည်ဖြစ်ကြောင်း ဗီယက်နမ်သတင်းဌာနက သောကြာနေ့တွင် သတင်းဖော်ပြသည်။

ဗီယက်နမ်လေကြောင်းဌာနသည် အေ ၃၅၀–၉၀၀ အိပ်က်စ်ဒဗလျူဘီ အမျိုးအစားလေယာဉ် ၁၀ စင်းနှင့် အေ–၃၂၁ အမျိုးအစားလေယာဉ် ၁၀ စင်း ဝယ်ယူမည်ဖြစ်ပြီး ဗွီအေအယ်လ်စီကုမ္ပဏီက အေ–၃၂၁ လေယာဉ် အမျိုးအစား လေယာဉ် ၁၀ စင်းဝယ်ယူမည်ဖြစ်ကြောင်း၊ ဒီဇင်ဘာ ၂၁ ရက်တွင် အဲဘတ်စ်ကုမ္ပဏီနှင့် သဘောတူ စာချုပ်ချုပ်ဆိုခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။ ပြင်သစ်အခြေစိုက် အဲဘတ်စ်လေယာဉ်ကုမ္ပဏီသည် ၂၀၁၂ ခုနှစ်တွင် အေ–၃၂၁ လေယာဉ်ကို စတင်ပေးပို့မည်ဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် အေ ၃၅၀–၉၀၀ အမျိုးအစား လေယာဉ်ကို ပထမဆုံး ပေးပို့မည်ဖြစ်ကြောင်း၊ ဗွီအေအယ်လ်စီ ကုမ္ပဏီက ဝယ်ယူသော လေယာဉ် ၁၀ စင်းကို ဗီယက်နမ်လေကြောင်းဌာနက ငှားရမ်းအသုံးပြုမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

နျူကလီးယားစက်ရုံ အီရန် မဖွင့်နိုင်သေး

မော်စကို ဒီဇင်ဘာ ၂၅

အီရန်နိုင်ငံ၏ ပထမဆုံးသော နျူကလီးယား ဓာတ်အားပေးစက်ရုံသည် ၂၀၀၈ ခုနှစ် နှစ်ကုန်ဆုံးချိန်အထိ ဖွင့်လှစ်နိုင်ဦးမည်မဟုတ်ကြောင်း စက်ရုံတည်ဆောက်သည့် ကုမ္ပဏီ၏ ပြောကြားချက်ကို ကိုးကားလျက် ရုရှားသတင်းဌာနက သတင်းထုတ်ပြန်သည်။ ရုရှားနိုင်ငံသည် အီရန်နိုင်ငံတွင် တည်ဆောက်နေသည့် ဘူရှီးနျူကလီးယား ဓာတ်အားပေး စက်ရုံအတွက် ပထမဆုံး နျူကလီးယားလောင်စာကို ဒီဇင်ဘာ ၁၇ ရက်က ပေးပို့ခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ။

ဘရာဇီးနိုင်ငံ၌ လူဦးရေ ၁၈၃ သန်းကျော်ရှိ

ရီယိုဒီဂျနေးရိုး ဒီဇင်ဘာ ၂၅

ဘရာဇီးနိုင်ငံ၏ လူဦးရေသည် ၁၈၃၉၈၇၂၉၁ ဦးရှိကြောင်း၊ ၂၀၀၂–၂၀၀၇ ခုနှစ်ကာလအတွင်း နှစ်စဉ် လူဦးရေတိုးတက်နှုန်း ၁ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း ဘရာဇီးပထဝီဝင်နှင့် စာရင်းအင်းသိပ္ပံ(အိုင်ဘီဂျီအီး)က သောကြာနေ့တွင် ပြောကြားသည်။

လူဦးရေ တိုးတက်မှုသည် နိုင်ငံ၏ နေရာဒေသအားလျော်စွာ ကွဲပြားလျက်ရှိကြောင်း၊ နိုင်ငံမြောက်ပိုင်း အမာပါပြည်နယ်တွင် လူဦးရေတိုးတက်နှုန်း ၃ ဒသမ ၁၇ ရာခိုင်နှုန်း ရှိနေချိန်တွင် ဘရာဇီးတောင်ပိုင်း ရီယိုဂရင်းဒိုဆယ်ပြည်နယ်၌ ၀ ဒသမ ၅၇ ရာခိုင်နှုန်းသာရှိကြောင်း သိရသည်။

၂၀၀၂ ခုနှစ်တွင် ကျား၊ မဦးရေ ကွာဟမှု (၁း၁)ရှိသည်။ အမျိုးသမီး ၁၀၀ လျှင် အမျိုးသား ၉၉ ဒသမ ၆ ဦးနှုန်းရှိသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ပါကစ္စတန်၌ ကြက်ငှက်တုပ်ကွေးရောဂါကူးစက်

အစ္စလမ္မာဘတ် ဒီဇင်ဘာ ၂၄

ပါကစ္စတန်နိုင်ငံတွင် လူရှစ်ဦးသည် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားလျက်ရှိရာ ရောဂါကာကွယ်ရေးအတွက် ပြည်နယ်အာဏာပိုင်များ အနေဖြင့် ကျန်းမာရေးဌာန၏ ညွှန်ကြားချက်များကို လိုက်နာကြရန် အစိုးရက တိုက်တွန်းထားသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အနောက်မြောက်နယ်စပ်တွင် ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေး လက်ကမ်းစာစောင်များ ဝေငှခဲ့ပြီး ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်နိုင်ရန် ရေဒီယိုမှတစ်ဆင့် အသိပညာပေးနေသည်။ အနောက်မြောက်ပြည်နယ်တွင် လူရှစ်ဦး အဆိုပါ ရောဂါပိုး ကူးစက်ခံခဲ့ရပြီး တောင်အာရှတွင် ပထမဆုံးအကြိမ် ကြက်ငှက် တုပ်ကွေးရောဂါ လူသို့ ကူးစက်ခြင်းဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ။



ဂျပန်နိုင်ငံ တိုကျိုမြို့ တိရစ္ဆာန်ရုံအတွင်းရှိ မလေးရှားမှ ကြံ့သူတော်တစ်ကောင်ကို ဒီဇင်ဘာ ၂၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အီရတ်၌ ဗုံးပေါက်ကွဲ ကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၅

အီရတ်နိုင်ငံ မြောက်ပိုင်း ကယ်ကွတ်ပြည်နယ်၌ ဒီဇင်ဘာ ၂၁ ရက်က အမေရိကန် တပ်ဖွဲ့ဝင်များ လိုက်ပါလာသော ယာဉ်ကို ဗုံးခွဲတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိကြောင်း အမေရိကန် စစ်ဘက်က စနေနေ့တွင် ပြောကြားသည်။

ကယ်ကွတ်ပြည်နယ်တွင် စစ်ဆင်ရေးလုပ်ငန်း ဆောင်ရွက်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံခဲ့ရကြောင်း စစ်ဘက်ကြေညာချက်၌ ဖော်ပြသည်။

အီရတ်နိုင်ငံကို အမေရိကန် ဦးဆောင်သော တပ်ဖွဲ့က ၂၀၀၃ ခုနှစ် ကျူးကျော်တိုက်ခိုက်ခဲ့ချိန် နောက်ပိုင်း ယင်းနိုင်ငံတွင် သေဆုံးသည့် အမေရိကန်အဖွဲ့ဝင် ဦးရေမှာ ၃၈၉၅ ဦး ရှိပြီဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်၏ အစီရင်ခံစာတွင် ဖော်ပြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

နိုင်ငံတကာ အားကစားသတင်းများ

ကာပယ်လို၏ အင်္ဂလန်အသင်းတွင် ဒေးဗစ်ဘက်ဟမ်း ပါဝင်ကစားလို

လန်ဒန် ဒီဇင်ဘာ ၂၅

အင်္ဂလန်အသင်းနည်းပြအဖြစ် ဖာဘီယိုကာပယ်လိုအား ခန့်အပ်မှုကို ကြိုဆို လိုက်ကြောင်း၊ ကာပယ်လိုသည် အင်္ဂလန်အသင်း နည်းပြရာထူးတွင် ဇန်နဝါရီလ၌ စတင်တာဝန်ထမ်းဆောင်သည့်အခါ မိမိအား လက်ရွေးစင်ဘောလုံးသမားတစ်ဦးအဖြစ် ခေါ်ယူမည်ဟုမျှော်လင့်မိကြောင်း ဒေးဗစ်ဘက်ဟမ်းက ပြောကြားသည်။

အီတလီလူမျိုး ဘောလုံးနည်းပြ ကာပယ်လို၏ အနာဂတ်အစီအစဉ်တွင် မိမိ၏ အခန်းကဏ္ဍပါဝင်မည်ဟု ထင်မြင်မိကြောင်း ဘက်ဟမ်းကပြောကြားသည်။ ကာပယ်လိုသည် ဘက်ဟမ်း၏ ရီးရဲလ်မဒရစ်အသင်း နည်းပြဟောင်းလည်းဖြစ်သည်။

အင်တာနက်။

ချယ်လ်ဆီး အသင်းမှ ဂျာမနီ ဘောလုံး သမား မိုက်ကယ် ဘောလက်။

ဓာတ်ပုံ- အင်တာနက်

ဆုဖလားများ ရယူရန် မိုက်ကယ်ဘောလက်မျှော်မှန်း

ဘာလင် ဒီဇင်ဘာ ၂၅

ဂျာမနီအသင်းခေါင်းဆောင် မိုက်ကယ်ဘောလက်သည် ၁၂နှစ်သက်တမ်းရှိ ဆုကြေးစား ဘောလုံးသမားဘဝတွင် ထိခိုက်ဒဏ်ရာရမှုကြောင့် အချိန်အကြာဆုံး အနားယူခဲ့ရပြီးနောက် ၎င်း၏ချယ်လ်ဆီးအသင်းနှင့်အတူ ချန်ပီယံလိဂ်ချန်ပီယံ ဆုဖလားရယူရန်နှင့် ဂျာမနီအသင်းနှင့်အတူ ယူရို ၂၀၀၈ ချန်ပီယံဆုဖလားရယူရန် မျှော်မှန်းထားကြောင်း ယနေ့ထုတ်ဝေလိုက်သည့် ကစ်ကာအမည်ရှိ မဂ္ဂဇင်းတွင် ဖော်ပြထားသည်။

ဘောလက်သည် ခြေချင်းဝတ်ထိခိုက်ဒဏ်ရာကြောင့် ရှစ်လကြာမျှ အနားယူခဲ့ရပြီးနောက် ဆုဖလားများဆွတ်ခူးရရှိရေးအတွက် ကြိုးပမ်းသွားရန် သန္နိဋ္ဌာန်ချမှတ်ထားကြောင်း ကစ်ကာမဂ္ဂဇင်း၏ လူတွေ့မေးမြန်းခန်းတွင် ပြောကြားသည်။

၂၀၀၈ ခုနှစ်သည် မိမိအတွက် ဘောလုံးဆုဖလားများ ရယူနိုင်မည့်နှစ်အဖြစ် မျှော်လင့်ကြောင်း၊ ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲနှင့် ဥရောပတံခွန်စိုက်ဖလားဘောလုံးပြိုင်ပွဲ တို့တွင် မိမိ၏အသင်း အောင်ပွဲခံနိုင်ရေးအတွက် ကြိုးပမ်းသွားလိုကြောင်း ဘောလက်ကပြောကြားသည်။

အင်တာနက်။

ဖူလ်ဟမ်အသင်းသို့ ပြောင်းရွှေ့မည်ဆိုမှု ခရိုအေးရှားနည်းပြ ဘီလစ်ငြင်းဆို

လန်ဒန် ဒီဇင်ဘာ ၂၅

အင်္ဂလန်ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲဝင် ဖူလ်ဟမ်အသင်းသို့ မိမိပြောင်းရွှေ့မည်ဆိုခြင်းမှာ မှန်ကန်ခြင်းမရှိကြောင်း ခရိုအေးရှားဘောလုံးနည်းပြ ဆာလာဗင်ဘီလစ်က ပြောကြားသည်။

ဖူလ်ဟမ်အသင်း၏ နည်းပြလော်ရီဆန်ချက်ဇ်သည် လွန်ခဲ့သည့် ရက်သတ္တပတ်က ရာထူးမှဖယ်ရှားခံခဲ့ရသည်။ လက်ရှိဘောလုံးရာသီတွင် ဖူလ်ဟမ်အသင်း၏ အခြေအနေတိုးတက်လာခြင်းမရှိသဖြင့် နည်းပြရာထူးမှ ဖယ်ရှားခံခဲ့ရခြင်းဖြစ်သည်။ ဖူလ်ဟမ်အသင်းသည် လက်ရှိအမှတ်ပေးဇယားတွင် နောက်ဆုံးအဆင့်မှ ရေတွက်လျှင် စတုတ္ထနေရာ၌ရှိနေပြီး ၁၈ပွဲကစား ၁၄မှတ်သာ ရရှိထားသည်။

ဘီလစ်သည် ဝက်စ်ဟမ်းအသင်းနှင့် အဲဗာတန်အသင်းတို့တွင် နောက်တန်းလူအဖြစ် ပါဝင်ကစားခဲ့ဖူးသူဖြစ်ပြီး ဖူလ်ဟမ်အသင်း မန်နေဂျာရာထူးအတွက် ကမ်းလှမ်းခံခဲ့ရသည်။

အင်တာနက်။

အထက(၄)ဗိုလ်တထောင် မြတ်ဆရာပူဇော်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၅

ဗိုလ်တထောင်မြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း (ယခင် အလက-၁၊ ဗိုလ်တထောင် ဘရန့်ချ်ကွန်ဗင့်) ကျောင်းသူဟောင်းများ၏ ဒသမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ယနေ့နံနက် ၉နာရီတွင် အဆိုပါ ကျောင်းခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ကွယ်လွန်သူ ဆရာမကြီးများအား ရည်စူး၍ တစ်မိနစ် ငြိမ်သက်စွာ ဆုတောင်းပြီး မြတ်ဆရာပူဇော်ပွဲ တက်ရောက်လာကြသော ဆရာမကြီးများအား မိတ်ဆက်ပေး၍ ကျောင်းသူဟောင်း ဒေါ်သန်းသန်းက ကျေးဇူးတင်စကား ပြောကြားကာ ကျောင်းသူဟောင်း ဒေါ်တင်တင်အေးက အလှူရှင်စာရင်းကို ဖတ်ကြားသည်။

ယင်းနောက် ကျောင်းသူဟောင်းများက ကျောင်းအိမ်တွင်းမှုအတွက် သုံးစွဲရန် ပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသိန်းထံ ပေးအပ်သည်။

ထို့နောက် အငြိမ်းစားဆရာမကြီး ဒေါ်ခင်မေမြင့်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသိန်းတို့က အမှာစကား ပြောကြားကြပြီး ကျောင်းသူဟောင်းများက ကန်တော့ခံ ဆရာမကြီးများအား ကန်တော့ငွေနှင့် အလှူပစ္စည်းများ ပေးအပ်ကြသည်။

ဆက်လက်၍ ကျောင်းသူဟောင်း ဒေါ်ဝေဝေဦးက နှစ်ပေါင်း ၃၀ကျော် လုံခြုံရေးတာဝန် ထမ်းဆောင်ခဲ့သော ဦးကျော်မြင့်အား ဂုဏ်ပြုငွေ ချီးမြှင့်ပြီး အငြိမ်းစား ဆရာမ ဒေါ်ထူးထူးခင်က ဆုံးမစကားပြောကြားသည်။

(သတင်းစဉ်)

ဗိုလ်တထောင်မြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသူဟောင်းများ၏ ဒသမ အကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

စာဆိုတော်နေ့အထိမ်းအမှတ် စာဖတ်ပွဲတော်ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၅

စာဆိုတော်နေ့ အထိမ်းအမှတ် စာဖတ်ပွဲတော်ကို ဒီဇင်ဘာ ၁၁ရက် မွန်းလွဲ ၂နာရီက မန္တလေး မြို့ အောင်မြေသာစံမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၁၀)ကျောင်း စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်စန်းစန်းမြင့်က အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ စာဖတ်ပွဲတော်တွင် ပြန်/ဆက်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းပပထွန်း**(ယာပုံ)**က စာဖတ်ပွဲတော် ကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများက မိမိတို့ ဖတ်ရှုလေ့လာကြသော အကြောင်းအရာများကို အသီးသီး ဆွေးနွေးကြသည်။

(သတင်းစဉ်)

ပုဇွန်တောင်ချောင်းအတွင်း တရားမဝင်စက်သုံးဆီများ သိမ်းဆည်းရမိ

ရန်ကုန် ဒီဇင်ဘာ ၂၅

ဆိပ်ကမ်းမြို့နယ် ပုဇွန်တောင်ချောင်း အတွင်း ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက်ရှိ KK ဆားစက် ဆိပ်ခံတံတားတွင် တရားမဝင်စက်သုံးဆီသယ်ဆောင်လာကြောင်း သတင်းအရ ယနေ့ ညနေ ၃နာရီ ၁၅မိနစ်က ဆိပ်ကမ်းရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရေယာဉ်အုပ် သန်းအောင်(၄၇)နှစ် (ဘ)ဦးကျော်ဟန် ဗဟိုရ်လမ်း ခနောင်တို (အရှေ့)ရပ်ကွက် ဆိပ်ကြီးခနောင်တိုမြို့နယ်နေသူ ဦးစီး မောင်းနှင်လာသည့် ရေယာဉ်အမှတ် B-44 ပေါ်တွင် တရားမဝင် သယ်ဆောင်လာသည့် ဒီဇယ်ဆီပေပါအလုံး ၆ဝနှင့် ငွေကျပ် ၁၆၁၀၀၀ကျော်တို့ကို တွေ့ရှိရမိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ရေယာဉ်အုပ် သန်းအောင်ပါ ၂၀ဦးအပေါ် ဆိပ်ကမ်းရဲစခန်းက (ပ)သတင်းချက်အမှတ် ၄၂၀/၂၀၀၇၊ အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေပုဒ်မ ၈(၁)အရ အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ (သတင်းစဉ်)

မှုခင်း သတင်းများ

ခရီးသည်တင်ဂျစ်ကားတိမ်းမှောက်သဖြင့် တစ်ဦးသေဆုံး

ရန်ကုန် ဒီဇင်ဘာ ၂၅

သန်လျင်မြို့နယ် ကရင်ဆိပ် စံပြကျေးရွာ မင်္ဂလာရာမဘုန်းကြီးကျောင်းတိုက် အဝင်လမ်းဘေးတွင် ယမန်နေ့ မွန်းလွဲ ၁၂နာရီခွဲခန့်က သန်လျင်မြို့မှ သုံးခွမြို့သို့ ကြည်မြင့် (စုံစမ်းစိစစ်ဆဲ) မောင်းနှင်သည့် ဂျစ်ကားအမျိုးအစား အနီရောင် ခရီးသည်တင်ယာဉ်သည် ရှေ့မှယာဉ်ကို ကျော်တက်စဉ် အရှိန်မထိန်းနိုင်ဘဲ ဝဲဘက်ရေမြောင်းအတွင်းသို့ ထိုးကျသွားခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါခရီးသည် မမြင့်အေး(၄၅)နှစ် (ဘ)ဦးတောက်ထွန်း(လယ်လုပ်) (မအူကန်တွင်း၊ ပုလဲကျေးရွာ၊ သုံးခွမြို့နယ်)မှာ သေဆုံးခဲ့ပြီး သုံးခွမြို့နယ် ပုလဲကန်ကျေးရွာနေသူများဖြစ်သည့် မနွဲ့ရီ (၃၆)နှစ် (ဘ) ဦးတင်ငွေ(လယ်လုပ်)၊ ဦးမောင်မြင့်(၄၅)နှစ် (ဘ)ဦးကျော်ရင်၊ မမြင့်(၄၄)နှစ် (ဘ)ဦးတင်ငွေ (လယ်လုပ်)၊ မမြင့်ရီ(၄၂)နှစ် (ဘ)ဦးအောင်သန်း (လယ်လုပ်)နှင့် မခင်မိုး(၂၃)နှစ် (ဘ) ဦးသိန်းစိုးတို့မှာ ပေါက်ပြဲကျိုးပဲ့ ဒဏ်ရာများ ရရှိခဲ့သဖြင့် သန်လျင်ဆေးရုံတွင် ဆေးကုသမှု ခံယူလျက်ရှိသည်။ ယာဉ်မောင်းကြည်မြင့် (စုံစမ်းစိစစ်ဆဲ)မှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပြီး သန်လျင် ရဲစခန်းမှ (ပ)သတင်းချက်အမှတ် ၉၀၀/၂၀၀၇၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄-က/၃၃၈ အရ အမှုဖွင့် စုံစမ်းဆောင်ရွက်လျက် ရှိကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၁၂-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

AM & PM	
၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"မိခင်ရင်ခွင်မှ မေတ္တာရင်ခွင်သို့"တရားတော် ဆရာတော် အရှင်ခေမာသိရီလင်္ကာရ(ရွှေပြည်ဟိန်းဆရာတော်)
၈း၀၅-၂း၀၅	ဖူးမဝသည်ထူးလှသည့်ရောင်ခြည်တော်များနှင့် ရှင်စောမြတ်စေတီ
၈း၅၀-၂း၅၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀-၃း၃၀	ရွှေလီတံတား
၉း၄၀-၃း၄၀	တေးဂီတအစီအစဉ်
၉း၄၅-၃း၄၅	သီတဂူဆရာတော်၏ အာယုဒါနအလှူတော်
၁၀း၁၀-၄း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅-၄း၁၅	လောကဥယျာဉ်အတွင်းမှပန်းကလေးများ (အမျိုးသမီးကလေးများသင်တန်းကျောင်း)
၁၀း၂၅-၄း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀-၄း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅-၄း၃၅	Midweek Sports News
၁၀း၅၀-၄း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅-၄း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၅-၅း၀၅	ဟင်းသီးဟင်းရွက်စိုက်ပျိုးနည်း
၁၁း၂၀-၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅-၅း၂၅	လှပသစ်ဆန်းအလှပြင်ခန်း (Spirits Beauty Spa)
၁၁း၄၅-၅း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀-၅း၅၀	တေးဂီတအစီအစဉ်
၁၁း၅၅-၅း၅၅	ပန်းနှင့်စိတ်ရောဂါ
၁၂း၂၀-၆း၂၀	တေးဂီတအစီအစဉ်
၁၂း၂၅-၆း၂၅	ဆင်လိမ္မာတို့နားခိုရာ မြိုင်ဟေဝန်စခန်းမှာ
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၂၅	Chelsea-Aston Villa	ESPN(Live)
	Tottenham-Fulham	Star Sports(Live)
၉း၃၀	Sunderland-Man Utd	ESPN(Live)
	Derby-Liverpool	Star Sports(Live)
၁၁း၃၀	Everton-Bolton	Star Sports(SDD)
၁၂း၀၀	West Ham-Reading	ESPN(SDD)
၂း၀၀	Portsmouth-Arsenal	ESPN(Live)

စာဖတ်ခြင်းက အသိဉာဏ်ပြည့်ဝစေတယ်

ဦးငွေသိန်း (ကုမ္ပဏီလမ်းညွှန်)

စာဖတ်ခြင်းကလူတွေကိုပြည့်ဝသူတွေဖြစ်စေတယ်လို့ ၁၅၉၇ခုနှစ်ကတည်းက ဆာဖရန်စစ် ဘေကွန်ကဆိုခဲ့ပါတယ်။ စာဖတ်တဲ့အတွက် စာဖတ်သူတွေကို အသိဉာဏ်ပြည့်ဝသူတွေဖြစ်စေနိုင်တယ်လို့ ဆိုလိုတာဖြစ်ပါတယ်။ အသိဉာဏ်ပြည့်ဝပါမှ လူတွေဟာ ဘယ်ဟာကမှန်တယ်၊ ဘယ်ဟာက မှားတယ်၊ ဘယ်အရာကလုပ်ရင်ကောင်းတယ်၊ ဘယ်အရာကလုပ်ရင်မကောင်းဘူး ဆိုတဲ့ အမှန်နဲ့အမှားတွေကိုခွဲခြားနိုင်စေမှာဖြစ်ပါတယ်။ မှန်တာကိုမှန်မှန်း၊ မှားတာကို မှားမှန်း သိပါမှသာ အသိဉာဏ်ပညာနဲ့ပြည့်ဝသူအဖြစ် သတ်မှတ်နိုင်မှာဖြစ်ပါတယ်။

အခုအခါ နိုင်ငံတော်ကနေ ပြည်သူလူထုတွေ အသိဉာဏ်ကြွယ်ဝလာစေဖို့ စာကြည့်တိုက်ပေါင်း များစွာကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်တာမို့ ဒီစာကြည့်တိုက်တွေကတစ်ဆင့် ပြည်သူလူထုတွေ အသိဉာဏ်ပညာတွေတိုးတက်လာတော့မှာကို တွေးမိပြီး ဝမ်းသာနေမိပါတယ်။ စာရေးသူတို့ ငယ်စဉ်အခါက ကျေးရွာတွေမှာ ဘာစာကြည့်တိုက်မှ မရှိခဲ့ပါ။ ရွာဦးကျောင်းက ဘုန်းတော်ကြီးသင်ကြားပေးတဲ့ ဒုစရိုက်ဖြာမင်္ဂလာတရားတွေကိုသာ ကျက်မှတ်သင်အံခဲ့ရပါတယ်။

ကျေးလက်ကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေဖို့ လုပ်ငန်းစဉ်ကြီးငါးရပ်ကိုလည်း ချမှတ် အကောင်အထည်ဖော်နေပြီဖြစ်လို့ ကျေးရွာ၊မြို့ပြလူနေမှုအဆင့်အတန်းတွေ တစ်စတစ်စတန်းတူမြင့်မားတိုးတက်လာနေပြီဆိုတာကို မျက်ဝါးထင်ထင်မြင်တွေ့နေရပါတယ်။ စာရေးသူတို့ငယ်စဉ်က စာဖတ်ရာမှာ ဖယောင်းတိုင်မီး၊ ရေနံဆီသုံးမှန်အိမ်တွေအသုံးပြုပြီး စာဖတ်ခဲ့ကြရတယ်။ အခုအချိန်မှာ စာရေးသူတို့ရွာတွေမှာ လျှပ်စစ်မီးတွေထိန်ထိန်လင်းနေပါပြီ။ တယ်လီဖုန်းတွေ ထားရှိပေးလို့ ဆက်သွယ်ရေးတွေကောင်းနေပါပြီ။ စာရေးသူတို့ငယ်စဉ်အခါက ကျောင်းပိတ်လို့ နေရပ်ပြန်ရင်ပြည်မြို့မှာတစ်ညအိပ်ကြရပါတယ်။ နောက်တစ်နေ့ကျမှ ပြည်ကနေ ဆင်တဲဘက်ကမ်းကို မော်တော်တွေနဲ့ကူးကြရတယ်။ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းကြရတယ်။ အခုဆိုရင် နဝဒေးတံတားကြီးတည်ဆောက်ပြီးသွားပြီဖြစ်လို့ ရန်ကုန်ကနေ စာရေးသူတို့ရဲ့ရွာကို မော်တော်ကားနဲ့ တိုက်ရိုက်အရောက်သွားနိုင်ပြီဖြစ်ပါတယ်။

ဆက်သွယ်ရေးလမ်းကြောင်းတွေ ပွင့်လာတာနဲ့အမျှ သွားလာရေးတွေ အဆင်ပြေလာစေတယ်။ စာကြည့်တိုက်တွေတည်ထောင်ပေးတဲ့အတွက် အသိဉာဏ်တွေတိုးတက်လာစေတယ်။ ဟိုအရင်စာရေးသူတို့ခေတ်က ကျေးရွာတစ်ရွာဘွဲ့ရတဲ့သူတစ်ယောက်နှန်းသော်မျှမရှိပါ။ အခုအခါမှာတော့ ကျေးလက်မှာ ဘွဲ့ရပညာတတ်တွေများလာနေပါပြီ။ အသိဉာဏ်ပညာတွေ တိုးတက်လာတာနဲ့အမျှ ကျေးရွာတိုးတက်အောင် ဘက်ပေါင်းစုံကနေ လုပ်လာနိုင်ကြပြီဖြစ်ပါတယ်။ စာရေးသူတို့ငယ်စဉ်ကလူကြီးတွေကို ကမ္ဘာကြီးလုံးတယ်လို့ ပြောရင်လက်မခံကြဘဲ ကမ္ဘာကြီးက ပြားတယ်လို့ပဲဆိုကြတယ်။ ရှေးလူကြီးတွေကို အကြိတ်အနယ် မပြောလိုတာကြောင့် သူတို့ပြောတဲ့ ကမ္ဘာကြီးပြားတယ်ဆိုတာကိုပဲ လက်မခံချင့်ခံချင်နဲ့ လက်ခံခဲ့ကြရတယ်။

ဟောအခုအခါမှာတော့ဟိုတုန်းကရှေးလူကြီးတွေပြောသလို၊ လက်ခံသလို ကမ္ဘာကြီးက နည်းပညာတွေတိုးတက်လာသည်နှင့်အမျှ လူတွေရဲ့ အသိဉာဏ်ပညာနဲ့ တီထွင်လာခဲ့ကြလို့ ဒီကနေ့ကမ္ဘာကြီးဟာ တစ်နေရာကနေ တစ်နေရာကိုအလျင်အမြန်သတင်းအချက်အလက်တွေပို့နိုင်တယ်။ ကွန်ပျူတာရှေ့မှာထိုင်ပြီး တစ်ကမ္ဘာလုံးနဲ့ အလွယ်တကူဆက်သွယ်မှုတွေ ပြုလုပ်နိုင်လာပြီဖြစ်တယ်။ စကားတွေပြောနိုင်ပြီဖြစ်တယ်။ အခုလို အရာရာလျင်မြန်လာတဲ့အတွက် ကမ္ဘာကြီး ပြားတယ်လို့ ပြောခဲ့တဲ့ရှေးလူကြီးတွေရဲ့စကားက မှန်သလိုဖြစ်လာတယ်။ အမှန်တကယ်က ကမ္ဘာကြီးဟာလုံးနေပေမယ့် နည်းပညာတွေရဲ့ စွမ်းပကားကြောင့် ကမ္ဘာကြီးက ပြားသွားတာဖြစ်တယ်။

အင်တာနက်ကွန်ရက်တွေကတစ်ဆင့် သိချင်တဲ့ အချက်အလက်တွေကို ရှာဖွေနိုင်၊ ဖတ်ရှုနိုင်ကြတယ်။ လောလောဆယ်မှာ အင်တာနက်အီးမေးလ်တွေ မရှိသေးတဲ့ ကျေးရွာတွေကို စာရေးသူအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက မိမိတို့မှာရှိနေတဲ့ စာအုပ်အဟောင်းတွေကို လှူဒါန်းကြရမယ်။ လှူဒါန်းနိုင်အောင်လည်း စီစဉ်ပေးကြရမယ်။ အသိဉာဏ်တွေကြွယ်ဝလာအောင် စာကြည့်တိုက်တွေဖွင့်ပေးတာတွေ တစ်ဖက်ကနေလုပ်ဆောင်ပေးရင်အခြားတစ်ဖက်မှာ အထိုင်ကျနေတဲ့စာကြည့်တိုက်ဖွင့်လှစ်ပြီးတဲ့နေရာတွေမှာ ပြည်သူတွေအသိဉာဏ်တွေ တိုးတက်လာစေမယ့် ဟောပြောပွဲတွေလုပ်ပေးကြရမယ်။ ဟောပြောတာတွေကို ဝိုင်းဝန်းဆွေးနွေးမှုတွေ၊ ဟောပြောဆွေးနွေးမှုတွေကနေ အကျိုးရှိတဲ့ ရုပ်လုံးဖော်မှုတွေလုပ်ပေးကြရမယ်။ ဒီလိုများများလုပ်ပေးနိုင်လေ၊ ပြည်သူတွေအသိဉာဏ်ပြည့်ဝလာလေ အတွေးအခေါ်တွေမြင့်မားလာပြီး ဘဝအဆင့်အတန်းတွေ မြင့်မားလာမှာဖြစ်ပါတယ်။

အခုအခါ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးထုတ်လုပ်မှုတွေ လုပ်လာကြလို့ ကျေးရွာနေ ပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်းသစ်တွေ ရရှိနေကြပြီဖြစ်တယ်။ စာရေးသူကလည်း အလားတူ ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုးကို တစ်ဦးတစ်ယောက် အပိုင်ပုံစံမျိုးမဟုတ်ဘဲ ကျေးရွာလူထုတွေ စုပေါင်းအားနဲ့ တစ်ရွာလုံးတိုးတက်အောင် လုပ်စေချင်ပါတယ်။ သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းတွေရဲ့ ကူညီပံ့ပိုးမှုတွေနဲ့ အကောင်အထည်ဖော်လိုက်ရင် မကြာမတင်ကာလမှာ ကျေးရွာတွေ ဖွံ့ဖြိုးတိုးတက်လာနိုင်တယ်။ ထုတ်ကုန်အရည်အသွေး တိုးတက်အောင် လုပ်ဆောင်လာနိုင်တာနဲ့အမျှ မြန်မာပြည်တွင်းဈေးကွက်တွေကိုသာမကဘဲ ပြည်ပဈေးကွက်တွေကိုပါ တိုးချဲ့လုပ်ဆောင်လာနိုင်ကြမှာဖြစ်တယ်။

စာရေးသူတို့အရပ်မှာ ကန့်ကူဆိုတဲ့ ရွာလေးတစ်ရွာရှိတယ်။ အဲဒီရွာမှာ Talcလို့ခေါ်တဲ့ ကန့်ကူဆံတွေ သဘာဝအလျောက်ထွက်ရှိတယ်။ ကန့်ကူဆံတွေကို အမှုန့်တွေလုပ်ပြီး နည်းပညာနဲ့ပေါင်းစပ်လိုက်ရင် Talcum Powderလို့ခေါ်တဲ့ ကိုယ်လိမ်းပေါင်ဒါထုတ်လုပ်နိုင်တယ်။ ထန်းပင်တွေပေါတဲ့အတွက် ထန်းရည်ကို နည်းပညာနဲ့ပေါင်းစပ်ပြီး ထန်းရည်ဘူးတွေထုတ်လုပ်နိုင်တယ်။ ပြည်တွင်းဈေးကွက်ကိုသာမကဘဲ ပြည်ပဈေးကွက်ကိုပါ မျှော်မှန်းလုပ်ဆောင်နိုင်တယ်။ ကမ္ဘောဒီးယားမှာ ထန်းရည်ကို သံဖြူဘူးတွေနဲ့ ပြင်သစ်နိုင်ငံကို တင်ပို့ရောင်းချတာ တစ်နှစ်တစ်နှစ် နိုင်ငံခြားငွေ များစွာရနေတယ်လို့ သိရပါတယ်။

စာရေးသူတို့နိုင်ငံမှာ သယံဇာတတွေပေါများတယ်ဆိုတာ လူတိုင်းသိတယ်။ ဒီသယံဇာတတွေနဲ့ နီးစပ်နေတဲ့ကျေးရွာတွေမှာ တစ်ဦးတစ်ယောက် အကျိုးအတွက် မဟုတ်ဘဲ တစ်ရွာလုံးရဲ့အကျိုးအတွက် တက်ညီလက်ညီစိတ်ဓာတ်နဲ့ One Village One Productကို အကောင်အထည်ဖော်လုပ်ဆောင်သင့်တယ်။

တစ်ဖက်မှာ စာကြည့်တိုက်တွေရဲ့ အကျိုးကျေးဇူးကြောင့် အသိဉာဏ်တွေပွင့်လာ၊ တစ်ဖက်ကလည်း လုပ်ငန်းလုပ်ဆောင်ရာမှာ လွယ်ကူစေဖို့ အသိဉာဏ်ပညာနဲ့ပတ်သက်တဲ့ ဟောပြောပွဲတွေလုပ်ပေး၊ ဒါဆိုရင်အချိန်တိုအတွင်းမှာ ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုးအဆင့်ကနေ ကျေးရွာတစ်ရွာ ထုတ်ကုန်များစွာအဆင့်အထိ တိုးတက်လာနိုင်တယ်။ **အသိဉာဏ်ပညာသာ တိုးတက်ဖွံ့ဖြိုးလာရင် ကျေးရွာပြည်သူတွေအနေနဲ့ အတွေးအခေါ်တွေရင့်သန်လာမယ်၊ ဘယ်လိုလုပ်ရင် ဘယ်လိုအကျိုးရှိမယ်ဆိုတာကို မြင်လာနိုင်တယ်။ အမှန်တွေကိုသိပြီး အမှားတွေကို ပယ်လာနိုင်ကြမယ်။ ဒါဆိုရင် နိုင်ငံတော်ရဲ့ မျှော်မှန်းချက်လည်း တစ်ဖက်ကဖြည့်ဆည်းပြီးဖြစ်သွားနိုင်တယ်။** အကျိုးရှိတဲ့ လုပ်ငန်းတွေ ဆတက်ထမ်းပိုး လုပ်ဆောင်လာနိုင်ကြမှာဖြစ်ကြောင်း ရေးသားလိုက်ပါတယ်။ ။

အသိဉာဏ်ပညာသာ တိုးတက်ဖွံ့ဖြိုးလာရင် ကျေးရွာပြည်သူတွေအနေနဲ့ အတွေးအခေါ်တွေ ရင့်သန်လာမယ်၊ ဘယ်လိုလုပ်ရင် ဘယ်လိုအကျိုးရှိမယ်ဆိုတာကို မြင်လာနိုင်တယ်။ အမှန်တွေကိုသိပြီး အမှားတွေကို ပယ်လာနိုင်ကြမယ်။ ဒါဆိုရင် နိုင်ငံတော်ရဲ့ မျှော်မှန်းချက်လည်း တစ်ဖက်က ဖြည့်ဆည်းပြီးဖြစ်သွားနိုင်တယ်။

ကြံခင်းမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဒီဇင်ဘာ ၂၅

ကြံခင်းမြို့နယ်အသင်း (ရန်ကုန်)၏ ပဋ္ဌမအကြိမ် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၁၃ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်လမ်း၊ ဗဟန်းအားကစားကွင်းဝင်း အတွင်းရှိ M3 Food Centre (Diamond Hall) ၌ ကျင်းပမည်ဖြစ်သည်။

၂၀၀၆–၂၀၀၇ ပညာသင်နှစ် တက္ကသိုလ် ဝင်စာမေးပွဲ၌ ဂုဏ်ထူးသုံးဘာသာနှင့်အထက်ရရှိကြသည့် အသင်းဝင်များ၏သား၊ သမီးများအမည်စာရင်းကို ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၅ ရက် နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးစန်းလွင်(ငြိမ်း) ဖုန်း–၀၁–၆၃၆၇၈၀၊ အတွင်းရေးမှူး ဦးစိန်ငွေး ဖုန်း–၀၁–၆၆၃၄၈၉၊ ဘဏ္ဍာရေးမှူး ဒေါ်တင်တင်ထွေး ဖုန်း–၀၁–၅၄၁၀၆၅၊ အလုပ်အမှုဆောင် ဒေါ်အေးအေးညွန့် ဖုန်း–၀၁–၆၅၁၂၄၇၊ အလုပ်အမှုဆောင် ဒေါက်တာကျော်စိုးလင်း ဖုန်း–၀၉၅၁၀၉ ၅၈၃၅ တို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်သည်။ (က–ပ)

ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဒီဇင်ဘာ ၂၅

ရမ်းဗြဲမြို့နယ်အသင်း (ရန်ကုန်)၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ ဘွဲ့တံဆိပ်တော်ရ ဂုဏ်ပြုပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၁၃ ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ဗဟန်းမြို့နယ် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ်ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။

သက်ကြီးပူဇော်ပွဲအတွက် အသင်းဝင်မိသားစုအတွင်းမှ အသက်(၇၅)နှစ်နှင့်အထက် ပုဂ္ဂိုလ်များစာရင်းကို မှတ်ပုံတင်မိတ္တူ ပူးတွဲ၍လည်းကောင်း၊ ၂၀၀၆–၂၀၀၇ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူ အသင်းဝင်သား၊ သမီးများစာရင်းကို အမှတ်စာရင်းမိတ္တူပူးတွဲ၍လည်းကောင်း၊ တစ်ပတ်ကြိုတင်ပြီး သက်ဆိုင်ရာ အမှုဆောင်များနှင့် ဥက္ကဋ္ဌ ဦးချမ်းမောင် ဖုန်း–၅၁၃၄၆၂၊ ဒု–ဥက္ကဋ္ဌ ဦးသန်းနိုင် ဖုန်း–၀၉၉၉၂၄၃၆၃၊ ဦးဦးသာရွှေ ဖုန်း–၀၉၅၁၆၅၈၆၀၊ ဦးတင်လှ ဖုန်း–၀၉ ၅၀၂၁၁၂၉၊ အတွင်းရေးမှူး ဦးအောင်ကျော်ဦး ဖုန်း–၀၉၅၀၁၄၂၆၄၊ ဘဏ္ဍာရေးမှူး ဒေါ်မြတင် ဖုန်း–၂၅၂၄၁၀တို့သို့ ဆက်သွယ်အကြောင်းကြားရန် နှိုးဆော်ထားသည်။ (က–ပ)

အောင်ငြိမ်းချမ်းဆရာတော် ဓမ္မသဘင်

ရန်ကုန် ဒီဇင်ဘာ ၂၅

ရန်ကုန်မြို့ သာကေတမြို့နယ် ရှုခင်းသာရပ်ကွက် အောင်ငြိမ်းချမ်းမိုးကုတ်ဝိပဿနာရိပ်သာ အဖွဲ့ခွဲ(၃၆၅)မှ သာသနဓဇ ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ နယ်လှည့်ဓမ္မကထိက အောင်ငြိမ်းချမ်းဆရာတော်အရှင်အဂ္ဂသာရသည် ဒီဇင်ဘာ၂၆ရက်တွင် နှစ်ကျိပ်ရှစ်ဆူပူဇော်ပွဲ၊၂၈ရက်တွင် သာသနဝေပုလ္လဓမ္မာရုံ၊ ၄/တောင်၊ သာကေတ၊ ၂၉–၃၁ရက်တွင် မာရဝိဇယ မလွန်ဆန်လှူအသင်း သာကေတ၊ ၂၀၀၈ခုနှစ်ဇန်နဝါရီ ၁၊၂၊၃ရက်တွင် ကျုံတိုင်ကျေးရွာ ဝါးခယ်မ၊ ၆ ရက်တွင် သာသနဟိတဓမ္မာရုံ ၃/ရန်ပြေ၊ သာကေတ၊ ၇ရက်တွင် အနောက်၁၅လမ်း၊ မိသားစုဓမ္မသဘင်၊ ၈၊ ၉ ရက်တွင် မာရဝိဇယ မလွန်ဆန်လှူအသင်း၊ ၁၃ ရက်တွင် သနပ်ပင်မြို့၊ ၂၃ရက်တွင် ဝီရိယာဓိကဓမ္မာရုံ ၇ရပ်ကွက်၊ သာကေတ၊ ၂၈ရက်တွင် တီတွဒ် လပွတ္တာ၊ ဖေဖော်ဝါရီ ၆ ရက်တွင် တိပိဋကပူဇော်ပွဲ ၊ဒဂုံ/တောင် ဓမ္မသဘင်တို့၌ တရားတော်များဟောကြားတော် မူမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

အထွေထွေစကားဝိုင်း ဆွေးနွေးပွဲကျင်းပ

လားရှိုး ဒီဇင်ဘာ ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့က ကြီးမှူးကျင်းပသော အမျိုးသမီးရေးရာအဖွဲ့ဝင်များ၏ အထွေထွေစကားဝိုင်းဆွေးနွေးပွဲများကို ဒီဇင်ဘာ ၃ရက် နံနက် ၇နာရီက လားရှိုးမြို့နယ် နောင်မွန်စံပြကျေးရွာအုပ်စု အထကခွဲ၌ကျင်းပရာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချယ်ရီတက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွယ်နွယ်လှိုင်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း၊ ဒေါက်တာနန်းကိန်ဖောင်းတစ်က ကျန်းမာရေးဆိုင်ရာများနှင့်ဒေါ်ဝိုင်းလပ်လိတ်က လူကုန်ကူးမှုဆိုင်ရာ ဥပဒေရေးရာများကို အသိပညာပေးဆွေးနွေးကြသည်။ ထို့နောက် ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌက အမျိုးသမီးရေးရာအဖွဲ့ဝင်နှင့် မိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်းဝင် အဆိုပြုလွှာများကိုပေးအပ်ရာ ဒေါ်ချယ်ရီက လက်ခံရယူသည်။

ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချယ်ရီနှင့်အဖွဲ့ဝင်များသည် ကျေးရွာရှိ ကိုယ်ဝန်ဆောင်မိခင်လောင်းများအတွက် အိုင်အိုဒင်းဆားနှင့် သံဓာတ်ဆေးပြားများ၊ ကျေးရွာအတွက် ယင်လုံအိမ်သာခွက်၊ ဆပ်ပြာမှုန့်၊ စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ၊ မူလတန်းကျောင်းသားများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ၊ မူကြိုကလေးငယ်များအတွက် အာဟာရနှင့် ကစားစရာများ ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ပြည်နယ် ပြန်/ဆက်)

အာဆီယံတံခွန်စိုက်ဖလားဘောလုံးပြိုင်ပွဲ အင်ဒိုနီးရှားနှင့်ထိုင်းတို့တွင် ကျင်းပမည်

ဗန်ကောက် ဒီဇင်ဘာ ၂၄

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) တံခွန်စိုက်ဖလားဘောလုံးပြိုင်ပွဲကို အင်ဒိုနီးရှားနှင့်ထိုင်းနိုင်ငံတို့က လာမည့်နှစ်တွင် ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း အာဆီယံဘောလုံးအဖွဲ့ချုပ်က ဒီဇင်ဘာ ၂၅ရက်တွင် ပြောကြားသည်။

တိုက်ဂါးဖလား ဘောလုံးပြိုင်ပွဲအဖြစ် ယခင်ကသိရှိခဲ့ကြသော အာဆီယံ တံခွန်စိုက်ဘောလုံးပြိုင်ပွဲကို နှစ်နှစ်လျှင်တစ်ကြိမ် ကျင်းပသည်။

အာဆီယံတံခွန်စိုက်ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ်ကျင်းပမည့် နိုင်ငံများအား လျှို့ဝှက်မဲပေးသည့်စနစ်ဖြင့် ရွေးချယ်ခဲ့ကြောင်း အာဆီယံဘောလုံးအဖွဲ့ချုပ်အမှုဆောင် အတွင်းရေးမှူးက ပြောကြားသည်။

ခြေစစ်ပွဲအောင်မြင်ပြီးဖြစ်

အာဆီယံ တံခွန်စိုက်ဖလားဘောလုံးပြိုင်ပွဲတွင် ရှစ်နိုင်ငံ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ထိုင်း၊ အင်ဒိုနီးရှား၊ မြန်မာ၊ စင်ကာပူ၊ မလေးရှားနှင့် ဗီယက်နမ်နိုင်ငံတို့မှာ အလိုအလျောက် ခြေစစ်ပွဲအောင်မြင်ပြီးဖြစ်သည်။

လာအို၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ ဘရူနိုင်းနှင့် အရှေ့တီမောနိုင်ငံတို့မှာမူ ကမ္ဘောဒီးယားနိုင်ငံတွင် လာမည့်အောက်တိုဘာ၌ကျင်းပမည့် ခြေစစ်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယင်းနိုင်ငံများအနက် နှစ်နိုင်ငံမှာ အာဆီယံ တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ

ထူးခြားသည့် ညအပူချိန်များ

၂၅–၁၂–၂၀၀၇

ဟားခါး	(–၁) ဒီဂရီစင်တီဂရိတ်
ပင်လောင်း၊ မိုးကုတ်	(၃) ဒီဂရီစင်တီဂရိတ်
နမ့်စန်၊ ဟဲဟိုး	(၄) ဒီဂရီစင်တီဂရိတ်

ဘုတလင်မြို့နယ် ကံသာရွာ မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် မြင်းမူမြို့နယ်အသင်း ရုံးသစ်ဖွင့်ပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၅

စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ် ကံသာရွာ မူလတန်းလွန်ကျောင်း ရွှေလဝင်းကျောင်းဆောင်သစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီတွင် အဆိုပါ ကျောင်း၌ ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်တို့ တက်ရောက်အားပေးကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် ဘုတလင်မြို့နယ် ကံသာရွာ မူလတန်းလွန်ကျောင်း ရွှေလဝင်းကျောင်းဆောင်သစ်ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (အား/ကာ)

ရှေးဦးစွာ ကျောင်းဆောင်သစ်ကို ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးက ကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ယင်းနောက် တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် ဧည့်သည်တော်များသည် ကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသင်းကြီးက ပံ့ပိုးဆောင်ရွက်ပေးနေမှုများနှင့် အသင်း၏ ရည်ရွယ်ချက်၊ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး အသင်းဝင် အဆိုပြုလွှာ အစောင် ၅၀၀ ကို တိုင်းအသင်းအတွင်းရေးမှူးထံမှ လက်ခံသည်။ ဆက်လက်၍ တိုင်းမှူးက ကျောင်းဆောင်သစ် မျက်နှာကြက် တပ်ဆင်ရန် ငွေကျပ်ငါးသိန်း၊ ဗဟိုအလုပ်အမှုဆောင်က မျက်နှာကြက် တပ်ဆင်ရန် ငွေကျပ်သုံးသိန်းနှင့် ဗလာစာအုပ်များ၊ အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းကြပြီး အခမ်းအနားကို ရုပ်သိမ်းကာ တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယခုဖွင့်လှစ်သော ကျောင်းဆောင်သစ်မှာ အလျား ပေ ၁၂၀၊ အနံပေ ၃၀ရှိ တစ်ထပ်အုတ်ညှပ် သွပ်မိုး အဆောက်အအုံဖြစ်ပြီး နိုင်ငံတော်၏ ခွင့်ပြုငွေကျပ် သိန်း ၄၀၊ ဒေသခံပြည်သူများ၏ စုပေါင်းထည့်ဝင်ငွေကျပ် ၈၈ သိန်း စုစုပေါင်းငွေကျပ် ၁၂၈ သိန်းတို့ဖြင့် အကုန်အကျခံ တည်ဆောက်ထားခြင်း ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် မြင်းမူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသစ်ဖွင့်ပွဲသို့ တက်ရောက် အားပေးကြပြီး အသင်းရုံးသစ်ကို တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းကြည်နှင့် တိုင်းအသင်းအတွင်းရေးမှူး ဦးစိုးစိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် အသင်းရုံးသစ်ကို ကြည့်ရှုစစ်ဆေးကြပြီး အမှာစကားပြောကြားကြသည်။

ယင်းနောက် တိုင်းမှူးက ရုံးသစ်ဆောက်လုပ် ကုန်ကျငွေများအနက် ငွေကျပ် သိန်း ၄၀၊ ဗဟိုအလုပ်အမှုဆောင်က ငွေကျပ် သိန်း ၄၀၊ စစ်ကိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်ငါးသောင်း၊ မြင်းမူမြို့နယ်အသင်းက ငွေကျပ်ရှစ်သိန်းနှင့် မြင်းမူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကွန်ပျူတာတစ်လုံးတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းအသင်းအတွင်းရေးမှူးနှင့် တာဝန်ရှိသူတို့က လက်ခံကြသည်။

(သတင်းစဉ်)

❀ ကျောဖုံးမှ

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး တိုင်းမှူး၊ ဇနီးနှင့် ဧည့်ပရိသတ်များက ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြပြီး ဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိက ရေစက်ချတရားချီးမြှင့်တော်မူသည်။

ယင်းနောက် အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်ပြီး တိုင်းမှူး၊ ဇနီးနှင့် ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော် ၁၀၈ ပါးတို့အား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နယ်လှည့်စာကြည့်တိုက်နှင့် စာဖတ်ဝိုင်း ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၅

ဗိုလ်တထောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဗိုလ်တထောင်မြို့နယ်ရုံးနှင့် (၁)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းကို ဒီဇင်ဘာ ၁၆ရက် နံနက် ၉နာရီတွင် အမှတ်(၁)ရပ်ကွက် အမြင်သစ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ ဗိုလ်တထောင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းနွဲ့နှင့် (၁)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန့်ဇင်ထွေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ယာပုံ)**

(မြို့နယ်ပြန်/ဆက်)

မီးသုံးစွဲလျှင် အသိယှဉ်
အစဉ်သတိ အမြဲရှိ

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆-၁၂-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀ ၅။ မျိုးချစ်တပ်မတော်
၅:၀၀ ၆။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅:၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ **ကာတွန်းအစီအစဉ် "ငါးကလေးရဲ့စွန့်စားခန်း" အပိုင်း(၇)**
၆:၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၅။ **ရုသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရာဇဝင်တွင်တဲ့သူရဲကောင်း အပိုင်း(၂၀)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ **English Usage**
၂၀။ ဗွီစီဒီကျော်ကြားတေးများ
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရုသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပြည်ချစ်သူရဲကောင်း (အပိုင်း-၁၈)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးခန်းအတွက်လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၂၅

ရန်ကင်းပြည်သာယာ ရွှေပြည်ဟိန်းကျောင်း၌ သီတဂူကြာတစ်ပွင့် ရွှေပြည်ဟိန်းဆရာတော် ဦးဆောင်မှုဖြင့် ဖွင့်လှစ်ထားသော ကုသိုလ်ဖြစ်ဆေးခန်းအတွက် သဒ္ဓါအဖွဲ့က ၂၀၀၆ခုနှစ်မှ စ၍ လစဉ်အလှူငွေကျပ်၂၅၁၅၀၀၊ ဂန့်ကူး အင်ဂျင်နီးယားရင်းဆပ်ပလိုင်းကုမ္ပဏီလီမိတက် ဝန်ထမ်းများစုပေါင်း၍ လစဉ်အလှူတော်ငွေကျပ် ၃၆၁၂၀၀၊ ဗဟန်းရွှေဂုံတိုင်လမ်းနှင့် ကမ္ဘာအေးစေတီလမ်းထောင့် စူပါပါဝါအီလက်ထရွန်နစ်ကုမ္ပဏီလီမိတက်က ငွေကျပ်သုံးသိန်း၊ အောင်ဆန်းမလွန်ဆန်လှူသင်းထောက်နှင့် ယောဂီအမျိုးသမီးဝတ်အဖွဲ့က ငွေကျပ်သုံးသိန်း၊ မြောက်ဥက္ကလာပ ဝေဘာဂီလမ်း၊ ကလျာဏယုဝစုဘူးအလှူရှင်များက ငွေကျပ် ၆၅၀၀၀၀၊ဗဟန်းမြို့နယ်၊ဥယျာဉ်လမ်း၊ ဒေါ်လှတင်မိသားစုက ငွေကျပ် ၈၀၀၀၀၀ နှင့် စတီးရေတိုင်ကီအတွက် ငွေကျပ် ၄၀၀၀၀၀၊ မိုးကုတ်ဒေါ်စောတင်အားရည်စူး၍ ငွေကျပ်၁၅၀၀၀၀၊ မြေနီကုန်း ရှမ်းလမ်း ဦးမြင့်သိန်း(ခ)ဦးဆာမိ-ဒေါ်ရီမိသားစုက ငွေကျပ်ငါးသိန်း၊ မင်္ဂလာတောင်ညွန့် စပယ်လမ်း သာယာကုန်း ဦးမြဟန်-ဒေါ်ခင်ဟုန်မိသားစုက ငွေကျပ်နှစ်သိန်း၊ မြိုင်ဟေဝန်ကွန်ဒို ဦးကျော်ဟိန်း-ဒေါ်ထိပ်တင်အေး မိသားစုက ငွေကျပ်သုံးသိန်း၊ မော်ဘီမြို့ ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်း(စုရပ်) အကျိုးဆောင်အဖွဲ့မှ အပတ်စဉ်လှူငွေ ကျပ်ကိုးသိန်း၊ မြောင်းတကာစုရပ် အကျိုးဆောင်အဖွဲ့မှ အပတ်စဉ်လှူငွေစုစုပေါင်း ကျပ်လေးသိန်း၊ မင်္ဂလာဒုံ ဗိုလ်ခြံ ဇေတဝန်ကျောင်းစုရပ်အဖွဲ့မှ အပတ်စဉ်လှူငွေ ကျပ်သုံးသိန်း လှူဒါန်းကြသည်။ ဆေး၊ ဆေးပစ္စည်းနှင့် အလှူငွေများကို ရွှေပြည်ဟိန်းကျောင်း ဖုန်း ၅၄၁၄၉၃၊ ၀၉၅၁၀၂၁၉၇ သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(ကြေးမုံ)

တွံတေးအရှင်ကုန္ဒက တရားပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၅

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) (၅၁)ရပ်ကွက် မြဝတီမင်းကြီး (၁)လမ်း သိရီမင်္ဂလာမဟာစည် ရိပ်သာကျောင်းတိုက်ဆရာတော် တွံတေးအရှင်ကုန္ဒက (ဓမ္မကထိက ဗဟုဇနဟိတဓရ) သည် ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၇ ရက် မွန်းလွဲ ၂ နာရီတွင် သိရီမင်္ဂလာမဟာစည် ရိပ်သာ မြောက်ဒဂုံ၊ ယင်းည၌ (၁၉) ကြိမ်မြောက် ပဌာန်းအောင်ပွဲ သာသနာ့လင်းရောင်ခြည်ဓမ္မာရုံမြောက်ဥက္ကလာပ၊ ၈ရက်ည၌သဃ်န်းကျွန်းမြို့နယ်ဇေတဝန အိမ်ရာ၊ ၁၁ ရက်ည၌ ဓမ္မိကာရာမကျောင်း ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ ၁၂ ရက် ည ၇ နာရီတွင် (၃၇)လမ်း အောက်လမ်း ကျောက်တံတားမြို့နယ်နှင့် ယင်းည ၈ နာရီခွဲတွင် (ဈ)ရပ်ကွက် ဘုမ္မာ(၆)လမ်း မြောက်ဥက္ကလာဓမ္မသဘင်၊ ၁၃ ရက်ည၌ မအူကုန်းရပ်ကွက် (၁၃၈)လမ်း တာမွေဓမ္မသဘင်၊ ၁၄ ရက် ည၌ ပန်းတနော်ဓမ္မသဘင်၊ ၁၅ ရက် မွန်းလွဲ ၂ နာရီတွင် သိရီမင်္ဂလာ မဟာစည်ရိပ်သာ မြောက်ဒဂုံ၊ ၁၆ ရက်ည၌ ဖော်တော်ဦးဘုရားပွဲ မန္တလေး၊ ၁၇ ရက်ည၌ ဣန္ဒာအပိုင်း နိဗ္ဗာန်ဆိပ် ဦးဓမ္မသဘင် မြောက်ဥက္ကလာပ၊ ၁၈ ရက်ည၌ ဓမ္မောဇဓမ္မသဘင် မော်လမြိုင်မြို့တို့တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည် ဖြစ်သည်။ (က-ပ)

ခရစ်ကက်အားကစား အတွေ့အကြုံရှင်းလင်း

ရန်ကုန် ဒီဇင်ဘာ ၂၅

ဒီဇင်ဘာ ၈ ရက်မှ ၁၆ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် အာရှ အသက် (၁၅) နှစ်အောက် လူငယ်ခရစ်ကက်ပြိုင်ပွဲ Acc U-15 CHALLENGE CUP 2007 တွင် ပါဝင်ယှဉ်ပြိုင် ကစားခဲ့သော အသက် (၁၅) နှစ်အောက် မြန်မာလူငယ်လက်ရွေးစင် ခရစ်ကက်အသင်း၏ ပြိုင်ပွဲအတွေ့အကြုံ ရှင်းလင်းပွဲကို ဒီဇင်ဘာ ၂၃ရက် ညနေပိုင်းက အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ် ရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ရုပ်ရှင်သရုပ်ဆောင် ဦးညွန့်ဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာ့လက်ရွေးစင် အသက် ၁၅ နှစ်အောက် ခရစ်ကက်အသင်း၏ နည်းပြဆရာ ဦးမိုက်ကယ်မူဆာဂျီနှင့် အသင်းအုပ်ချုပ်သူ ဦးဝင်းမော်တို့က ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကား ပြောကြားသည်။ (ကြေးမုံ)

မြန်မာနိုင်ငံခရစ်ကက် အဖွဲ့ချုပ်ဥက္ကဋ္ဌ ရုပ်ရှင်သရုပ်ဆောင် ဦးညွန့်ဝင်း အာရှ အသက် (၁၅)နှစ်အောက် လူငယ်ခရစ်ကက်ပြိုင်ပွဲ အတွေ့အကြုံ ရှင်းလင်းပွဲတွင် အမှာစကားပြောကြားစဉ်။

(ခရစ်ကက်အဖွဲ့ချုပ်)

❖ ရှေ့ဖုံးမှ

ထို့နောက် ဗိုလ်ချုပ်သာအေးက ဆရာတော်အား သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး မြိုင်ကြီးငူဆရာတော်က ဩဝါဒကထာ ပြန်လည်မြွက်ကြားသည်။

ဆက်လက်၍ ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းကျေးရွာအုပ်စု ကမ်းနီကျေးရွာအနီးရှိယာယီမဏ္ဍပ်၌ ရွှေဂွန်းကျေးရွာရှိ ဆီထွက်သီးနှံစိုက် တောင်သူများအား တွေ့ဆုံအမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မိမိတို့နိုင်ငံ၌ လက်ရှိ လူဦးရေအတွက် လုံလောက်ရုံသာမက နောင်နှစ်ပေါင်း ၄၀၊ ၅၀ ခန့်တွင် တိုးတက်လာမည့် လူဦးရေအတွက်ကိုပါ မျှော်မှန်းပြီး ဆန်ဖူလုံအောင် စားသုံးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံထွက် စားသုံးဆီမှာ ပုံမှန်စားသုံးပါက ဖူလုံမှုရှိသော်လည်း လွန်ကဲစွာစားသုံးခြင်းနှင့် အခြားစားသုံးစရာအဖြစ် အသုံးပြုခြင်းတို့ကြောင့် ပြည်ပမှ စားသုံးဆီကို မှာယူတင်သွင်းနေရကြောင်း။

စားသုံးဆီဖူလုံအောင် ထွက်ရှိရေးအတွက် တောင်သူများက ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက မိမိတစ်ဦးချင်းဝင်ငွေတိုးပြီး နိုင်ငံတော်ကလည်း ပြည်ပယိုဖိတ်ငွေ တားဆီးနိုင်လာမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာသည့် တောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဗိုလ်ချုပ်သာအေးသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ပြသထားသော ဆင်းပဒေသာပင်(၇)မြေပဲ၊ ဆင်းရတနာ(၃)နှမ်းမျိုးများနှင့် စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကို ကြည့်ရှုစစ်ဆေးကာ တောင်သူဦးသောင်းစိန်၏ လယ်မြေသုံးဧကတွင် စိုက်ပျိုးထားသောမြေပဲနှင့် ကြားသီးနှံ နေကြာစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးသည် လှိုင်းဘွဲ့မြို့ နယ်မြေခံတပ်ရင်းရှိ ဒေါနခန်းမ၌ တပ်နယ်အတွင်းရှိ အရာရှိ၊ စစ်သည်မိသားစုများနှင့် တွေ့ဆုံ၍ လိုအပ်သည်များမှာကြားပြီး တပ်နယ်ရှိ အရာရှိ၊ စစ်သည်နှင့် မိသားစုများအတွက် အဝတ်အထည်နှင့် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးသည် မွန်းလွဲ ၂နာရီခွဲတွင် လှိုင်းဘွဲ့မြို့ အောင်ဆန်းခန်းမ၌ မြို့နယ်ရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံပြီး အမှာစကားပြောကြားသည်။

ဆက်လက်၍ ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များအား လှိုင်းဘွဲ့မြို့နယ် ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံ ရှင်းလင်းဆောင်၌ ဟုမ်းတောက် ဆောက်လုပ်ရေးလုပ်ငန်းမှဒါရိုက်တာ ဦးမိုးကျော်က ဆေးရုံဆောက်လုပ်ပြီးစီးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးသည် တည်ဆောက်ပြီးစီးသွားသည့် ဆေးရုံအတွင်းရှိ အမျိုးသမီး လူနာဆောင်၊ သန့်စင်ခန်း၊ ခွဲစိတ်ဆောင်၊ ဓာတ်မှန်ခန်းနှင့် ဓာတ်ခွဲခန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

အဆိုပါဆေးရုံမှာ တစ်ထပ်သံကူကွန်ကရစ် အဆောက်အအုံဖြစ်ပြီး လူနာ ၅၀ တက်ရောက် ဆေးဝါးကုသမှုခံယူနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်

(က) နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုပေါင်းထိန်းသိမ်းကာကွယ်ရေး။

(ဂ) အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတို့အတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(င) နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားသည့်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

နေပြည်တော် မြို့တော်ခန်းမ

ဓာတ်ပုံ-ဦးကိုကိုနိုင်(IPRD)

✻ အမျိုးသမီးများမှ

ခံစားရသည်ဟု ဆိုသည်။ ထိုနိုင်ငံတွင် အရိုးပွရောဂါခံစားရသူဦးရေသည် နှစ်သန်းမျှ ရှိကြောင်းကို တက္ကဆက်ဆေးပညာတက္ကသိုလ်မှ ပညာရှင်များက လေ့လာတွေ့ရှိရသည်။ ယင်းလေ့လာချက်ကို ဒီဇင်ဘာလထုတ် မိသားစု ဆေးမှတ်တမ်းစာစောင်တွင် ရေးသားဖော်ပြထားသည်။

အမျိုးသမီးများသည် များသောအားဖြင့် အသက်(၅၀)ကျော်လာလျှင် ဆရာဝန်များက အရိုးပွရောဂါ ရှိ၊ မရှိ စစ်ဆေးပေးလေ့ရှိသည်။ အမျိုးသမီးများသာမက အမျိုးသားများ၌လည်း အရိုးပွလာသည့်ဝေဒနာ ခံစားရသည်။ သို့သော် ဆရာဝန်များက အမျိုးသားများအား အရိုးပွရောဂါအတွက် စစ်ဆေးပေးလေ့မရှိပေ။

ဆရာဝန် အင်ဂျီလာရက်ပတ်နှင့်အဖွဲ့သားများသည် မေးခွန်းများ ပြုစု၍ အမျိုးသား ၃၀၀၀ ခန့်ကို ဖြေကြားစေခဲ့သည်။ အဖြေများပေါ်မူတည်၍ လူများကို အမှတ်ပေးဇယားပါ ပြုလုပ်ထားသည်။ ထိုဇယားအရ ခြောက်မှတ်နှင့်အထက် ရရှိသူသည် အရိုးပွရောဂါ ရှိ၊ မရှိ စစ်ဆေးမှု ခံယူရန် သင့်တော်သောသူများအဖြစ် သတ်မှတ်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၆-၁၂-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပာတသန္တိ ပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၀၅ ၇။ အဆိုပြိုင်ပွဲ
- ၈:၁၅ ၈။ ကွန်ချောင်းရေလှောင်တမံ
- ၈:၂၀ ၉။ အတီးပြိုင်ပွဲ
- ၈:၃၀ ၁၀။ International News.
- ၈:၄၅ ၁၁။ Let's Go.
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (အင်္ဂလိပ်စာ)
- ၄:၄၅ ၄။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
- ၅:၀၀ ၅။ မြန်မာစာ၊မြန်မာစကား
- ၅:၁၅ ၆။ သီချင်းကြီးပဒေသာ
- ၅:၂၅ ၇။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅:၃၅ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၁။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၆:၅၀ ၁၂။ **"ချစ်လွန်းလို့" (ဖိုးဖြူ၊ခင်စိုးပိုင်၊မျိုးမျိုးခိုင်) (ဒါရိုက်တာ-ကြည်စိုး)**
- ၆:၅၅ ၁၃။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၇:၁၅ ၁၄။ သက်ဝင်လှုပ်ရှား ပန်းချီပုံရိပ်များ (Best Paintings of the Year 2007)
- ၇:၃၀ ၁၅။ နှစ်(၆၀)ပြည့်လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
- ၇:၄၅ ၁၆။ အချုပ်အခြာ အာဏာခွန့်ရှည်ကြာ ခိုင်မာစေမှုဒို့ရေးရှု (ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ခမ်းနား ထွန်းပေါ် မြန်မာနိုင်ငံတော်)
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ Franz Hararay's Magic Planet
- ၂၁။ **မြန်မာဗီဒီယိုဇာတ်လမ်း "နှင်းဆီကကြိုး" (လူမင်း၊အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-ညိုမင်းလွင်)**
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

▲ မြန်မာနိုင်ငံမှ

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၇-၉၈ ခုနှစ်တွင် ကော်ဖီစိုက်ဧက ၁၄၁၄၁ ဧကရှိခဲ့ပြီး နှစ်စဉ် တိုးချဲ့စိုက်ပျိုးခဲ့ရာ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ၅၃၇၅၉ ဧကအထိ စိုက်ပျိုးနိုင်ခဲ့သည်။ ကော်ဖီထွက်ရှိမှု အနေဖြင့် ၂၀၀၆-၂၀၀၇ ခုနှစ်တွင် အသီးခူး ၂၀၆၅၆ ဧကရှိပြီး ကော်ဖီစေ့ထွက်ရှိမှုမှာ ၄၉၂၃ မက်ထရစ်တန်ဖြစ်ကြောင်း သိရသည်။ ကော်ဖီတင်ပို့မှုအနေဖြင့် ပြည်တွင်းလိုအပ်ချက်အပြင် ပိုလျှံသည်များကို ပြင်သစ်နိုင်ငံသို့ အများဆုံးတင်ပို့ပြီး တရုတ်၊ အိန္ဒိယ၊ ဩစတြေးလျ၊ ထိုင်း၊ စင်ကာပူ စသည့် နိုင်ငံများသို့လည်း တင်ပို့ခဲ့သည်။

ကော်ဖီတိုးချဲ့စိုက်ပျိုးရေးစီမံကိန်းအရ ပုဂ္ဂလိကလုပ်ငန်းရှင်များအား

ကော်ဖီ တိုးချဲ့စိုက်ပျိုးရေး ပြင်ဦးလွင်ဒေသတာဝန်ခံ ဒုတိယအထွေထွေမန်နေဂျာ ဦးလှမြင့် ရှင်းလင်းပြောပြစဉ်။

မြေယာချထားပေးမှုနှင့် ပတ်သက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်းမှ ပြင်ဦးလွင်ဒေသတာဝန်ခံ ဒုတိယအထွေထွေမန်နေဂျာ ဦးလှမြင့်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

ကော်ဖီတိုးချဲ့စိုက်ပျိုးရေး စီမံကိန်းကို ၂၀၀၂ ခုနှစ် နောက်ပိုင်းတွင် စတင်အကောင်အထည်ဖော်ခဲ့ကြောင်း၊ ပြင်ဦးလွင်မြို့နယ်တွင် ၅၉၂၄၂ ဧကနှင့် နောင်ချိုမြို့နယ်တွင် ဧက ၅၅၀၀၀ မြေယာဖော်ထုတ်ခဲ့ကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအား မြေယာချထားမှုအနေဖြင့် ပြင်ဦးလွင်မြို့နယ်တွင် ၁၅၆၂၇ ဒသမ ၃၅ ဧကနှင့် နောင်ချိုမြို့နယ်တွင် ၁၈၄၅၇ ဒသမ ၃၀ ဧကဖြစ်ကြောင်း၊ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ပြင်ဦးလွင်မြို့နယ်တွင် ၁၄၆၉၇ဒသမ ၆၀ ဧကဖြစ်ပြီး နောင်ချိုမြို့နယ်တွင် ၁၁၅၂၅ ဧကဖြစ်ကြောင်း၊ ထို့ပြင် အခြားစိုက်ပျိုးဖြစ်ထွန်းနိုင်သည့် ဒေသများနှင့် အိမ်ခြံဝင်းစိုက် တောင်သူများ စိုက်ဧက တိုးချဲ့စိုက်ပျိုးလာစေရန် စီမံ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဒေသတာဝန်ခံ ဦးလှမြင့်က ပြောကြားသည်။

ကော်ဖီတိုးချဲ့စိုက်ပျိုးရေး စီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ဝန်ကြီးဌာနက ပံ့ပိုးမှုများ ပြုလုပ်ပေးလျက်ရှိသည်။ ကော်ဖီစိုက်ပျိုးမည့် ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ကော်ဖီစိုက်ပျိုးပြုစု နည်းပညာများ သိရှိတတ်ကျွမ်းစေရန် သင်တန်းများပေးခြင်း၊ နည်းပညာဟောပြောပွဲများပြုလုပ်၍ ကွင်းဆင်းလက်တွေ့ ရှင်းလင်းပြသခြင်း၊ မျိုးကောင်းမျိုးသန့် ရရှိရေးအတွက် ပျိုးထောင်ဖြန့်ဖြူးပေးခြင်း၊ စိုက်ပျိုးစရိတ်ချေးငွေများ ရရှိနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် အသင့်စိုက်ပြီး ကော်ဖီစိုက်ခင်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ စိုက်ပျိုးကုန်ကျစရိတ်ဖြင့် လွှဲပြောင်းရောင်းချပေးခြင်းတို့ကို ပံ့ပိုးလျက်ရှိသည်။

ရွှေပုစွန်ကော်ဖီခြံ မန်နေဂျာ ဦးဝင်းအောင် ရှင်းလင်းပြောပြစဉ်။

ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ကော်ဖီသီးနှံကို နည်းစနစ်ကောင်းကောင်း၊ စီမံခန့်ခွဲမှုကောင်းကောင်းဖြင့် စိုက်ပျိုးမည်ဆိုပါက ခုနစ်နှစ်အတွင်း အသုံးစရိတ်နှင့် အရင်းကျေပြီး အကျိုးအမြတ်များစွာ ရရှိနိုင်သည့်အပြင် ကော်ဖီသီးနှံနှင့် အရိပ်ရပင် ရောနှောစိုက်ပျိုးခြင်းဖြင့် ရာသီဥတု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်မှု အကျိုးကျေးဇူးများ ရရှိခံစားနိုင်မည်ဖြစ်၍ တိုးချဲ့စိုက်ပျိုးနိုင်

ရန် လိုအပ်ကြောင်း ဒေသတာဝန်ခံက အကြံပြုပြောကြားသည်။

ကော်ဖီသီးနှံသည် ပျမ်းမျှအပူချိန် ၂၀ ဒီဂရီ စင်တီဂရိတ်ပတ်ဝန်းကျင်ရှိ သမအေးပိုင်းရာသီဥတုကို နှစ်သက်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၀၀၀ ကျော်တွင် စိုက်ပျိုးဖြစ်ထွန်းသော နှစ်ရှည် သီးနှံပင်မျိုးဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးနည်းစနစ်မှန်ကန်ရန်၊ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်မှု မှန်ကန်ရန်နှင့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရန် အလွန်အရေးကြီးသည်။

ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဒေသခံတောင်သူများအား နည်းပညာနှင့် မျိုးကောင်းမျိုးသန့်များ ဖြန့်ဝေနိုင်ရန် သုတေသနပြုဆောင်ရွက်လျက်ရှိသော ကော်ဖီသုတေသနနှင့် နည်းပညာပြန့်ပွားရေးဗဟိုဌာန ပွေးတောင် ကော်ဖီသုတေသနခြံမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဥက္ကာအောင်နှင့် တွေ့ဆုံမေးမြန်းခဲ့ရာ ပွေးတောင် ကော်ဖီသုတေသနခြံတွင် ပြည်တွင်းကော်ဖီမျိုးခြောက်မျိုးနှင့် FAO မှ တင်သွင်းလာသော ကော်ဖီမျိုး ၂၀ကျော်ကို သုတေသနပြု စိုက်ပျိုးထားကြောင်း သိရသည်။

ပြည်တွင်းမျိုးများမှာ နှစ်ကာလရှည်ကြာလာသည်နှင့်အမျှ ပိုးမွှားဒဏ်ကာကွယ်နိုင်မှုနှင့် တစ်ပင်ချင်း အသီးထွက်နှုန်း လျော့နည်းလာသည်ကို တွေ့ရသောကြောင့် ပြည်ပမျိုးသစ်များမှ မြန်မာနိုင်ငံ ရာသီဥတုနှင့် ကိုက်ညီသော အရည်အသွေးကောင်း ကော်ဖီမျိုးများကို ဖြန့်ဝေပေးနိုင်

ပွေးတောင်ကော်ဖီသုတေသနခြံတွင် ပျိုးထောင်ထားသော ကော်ဖီပင်များကိုတွေ့ရစဉ်။

ရန် လိုအပ်ကြောင်း ဒေသတာဝန်ခံက အကြံပြုပြောကြားသည်။

ကော်ဖီသီးနှံသည် ပျမ်းမျှအပူချိန် ၂၀ ဒီဂရီ စင်တီဂရိတ်ပတ်ဝန်းကျင်ရှိ သမအေးပိုင်းရာသီဥတုကို နှစ်သက်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၀၀၀ ကျော်တွင် စိုက်ပျိုးဖြစ်ထွန်းသော နှစ်ရှည် သီးနှံပင်မျိုးဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးနည်းစနစ်မှန်ကန်ရန်၊ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်မှု မှန်ကန်ရန်နှင့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရန် အလွန်အရေးကြီးသည်။

ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဒေသခံတောင်သူများအား နည်းပညာနှင့် မျိုးကောင်းမျိုးသန့်များ ဖြန့်ဝေနိုင်ရန် သုတေသနပြုဆောင်ရွက်လျက်ရှိသော ကော်ဖီသုတေသနနှင့် နည်းပညာပြန့်ပွားရေးဗဟိုဌာန ပွေးတောင်ကော်ဖီသုတေသနခြံမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဥက္ကာအောင်နှင့် တွေ့ဆုံမေးမြန်းခဲ့ရာ ပွေးတောင်ကော်ဖီသုတေသနခြံတွင် ပြည်တွင်းကော်ဖီမျိုးခြောက်မျိုးနှင့် FAO မှ တင်သွင်းလာသော ကော်ဖီမျိုး ၂၀ကျော်ကို သုတေသနပြု စိုက်ပျိုးထားကြောင်း သိရသည်။

ပြည်တွင်းမျိုးများမှာ နှစ်ကာလရှည်ကြာလာသည်နှင့်အမျှ ပိုးမွှားဒဏ်ကာကွယ်နိုင်မှုနှင့် တစ်ပင်ချင်း အသီးထွက်နှုန်း လျော့နည်းလာသည်ကို တွေ့ရသောကြောင့် ပြည်ပမျိုးသစ်များမှ မြန်မာနိုင်ငံ ရာသီဥတုနှင့် ကိုက်ညီသော အရည်အသွေးကောင်း ကော်ဖီမျိုးများကို ဖြန့်ဝေပေးနိုင်

အရိပ်ရပင်နှင့် ကော်ဖီပင်တွဲဖက် စိုက်ပျိုးထားသည်ကို တွေ့ရစဉ်။

ရန် စမ်းသပ်စိုက်ပျိုးလျက်ရှိကြောင်း၊ ကော်ဖီအရည်အသွေး အတန်းအစားသတ်မှတ်ရာတွင် ထုတ်လုပ်ရာဒေသနှင့် ကော်ဖီအရသာပေါ် မူတည်၍ သတ်မှတ်ကြောင်း၊ မြန်မာနိုင်ငံတွင် ကမ္ဘာ့အတန်းအစားဝင် ကော်ဖီစိုက်ပျိုးနိုင်သောပြင်ဦးလွင်ဒေသအပြင် ရှမ်းကုန်းမြေမြင့်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ချင်းပြည်နယ်ကဲ့သို့ ဒေသများရှိကြောင်း၊ ဒေသနှင့် ကိုက်ညီမည့်မျိုးတွေကို ရွေးချယ်စိုက်ပျိုးနိုင်ရင် မြန်မာ့ကော်ဖီသည် ဈေးကောင်းရနိုင်ကြောင်း ၎င်းက ပြောကြားသည်။ "ကမ္ဘာမှာ ကော်ဖီ အဓိက စိုက်ပျိုးတဲ့ ဘရာဇီးနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတွေမှာတောင် ဒီလို ရေမြေရာသီဥတုဒေသတွေ မရှိဘူး၊

ပွေးတောင်ကော်ဖီသုတေသနခြံမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဥက္ကာအောင် ရှင်းလင်းပြောကြားစဉ်။

ကမ္ဘာ့ကော်ဖီဈေးကွက်မှာဆိုရင် သာမန်ကော်ဖီဈေးနှုန်းက တစ်တန်ကို အမေရိကန်ဒေါ်လာ ၂၀၀၀ ဆိုရင် တန်းဝင်ကော်ဖီက ဒေါ်လာ ၄၆၀၀ လောက် ဈေးရတယ်။ အရည်အသွေးကောင်း ကော်ဖီရဖို့အတွက် အသီးခူးစနစ်မှန်ကန်ဖို့လည်း လိုပါတယ်။ အသီးခူးတဲ့အခါမှာ သုံးကြိမ် ခူးရတယ်၊ ခူးပြီးသားအသီးတွေကို မရောဘဲ အမျိုးအစား ခွဲခြားထားမယ်၊ ဝယ်ယူတဲ့ ကုန်သည်ဘက်ကလဲ အတန်းအစားခွဲခြားပြီး ဈေးကောင်းပေးဝယ်မယ်ဆိုရင် မြန်မာ့ကော်ဖီဟာ တန်းဝင်ကော်ဖီ ဖြစ်လာနိုင်ပါတယ်" ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးဥက္ကာအောင်က ပြောကြားသည်။

ထိုမှဆက်လက်၍ ပုဂ္ဂလိကလုပ်ငန်းရှင်များတွင် ဖြစ်ထွန်းအောင်မြင်လျက်ရှိသော ပွင့်ကောင်းနှင့် ခင်နွဲ့ရီကုမ္ပဏီလီမိတက် ရွှေပုစွန်ကော်ဖီခြံသို့သွားရောက်၍ ခြံမန်နေဂျာ ဦးဝင်းအောင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

ရွှေပုစွန်ကော်ဖီခြံကို ၂၀၀၀ပြည့်နှစ်တွင် စတင်မြေနေရာယူ၍ ၂၀၀၁ခုနှစ်တွင် စတင်စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။ ယမန်နှစ်က ၆၅ဧက အသီးစတင်ခူးခဲ့ရာ ကော်ဖီစေ့ထွက်ရှိမှုအနေဖြင့် ၂၇တန်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဧက ၈၀ ခူးရမည်ဖြစ်ကြောင်း၊ ရပ်စောက်တွင် စိုက်ဧက ၁၃၄ ဧကအနက် ယခုနှစ် ၇၇ ဧက အသီး စတင်ခူးရမည်ဖြစ်ကြောင်း၊ တိုးချဲ့အနေဖြင့် နောင်ချိုမြို့နယ် သုံးဆယ်ရွာတွင် ၂၈၅ဧက၊ ဝက်ဝံဒေသတွင် ဧက ၃၈၀ မြေနေရာယူထားပြီး အရိပ်ရပင်များ စတင်စိုက်ပျိုးလျက်ရှိကြောင်း၊ ကော်ဖီစိုက်ရာတွင် နည်းစနစ် မှန်ကန်ဖို့လိုအပ်ကြောင်း၊ ကော်ဖီစိုက်မည်ဆိုပါက အရိပ်ရပင်ကို အရင်စိုက်ရကြောင်း၊ မိမိခြံတွင် ဝက်သစ်ချပင်ကို အရိပ်ရပင်အဖြစ် စိုက်ပျိုးထားကြောင်း၊ အပင် နှစ်နှစ်သားအထိ ပဲမျိုးနွယ်ဝင်အပင်များကို သီးညှပ်စိုက်၍ရကြောင်း၊ ရပ်စောက်လိုနေရာမျိုးတွင် အရိပ်ရပင်အဖြစ် ရော်ဘာကို စိုက်ပျိုးထားကြောင်း၊ ခြံမှထွက်ရှိသော ကော်ဖီများကို ကုမ္ပဏီလိုအပ်ချက်အပြင် ရွှေပုစွန် ကော်ဖီမှုန့်တံဆိပ်ဖြင့် ပြည်သူများအား စတင် ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ နောင်တွင် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ထုတ်လုပ်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။ ရွှေပုစွန်ကော်ဖီခြံတွင် ကော်ဖီခူးရာသီဖြစ်သည်နှင့်အညီ ရင့်မှည့်နေသော ကော်ဖီသီးပင်များကို တစ်မျှော်တစ်ခေါ် တွေ့ခဲ့ရသည်။

အရည်အသွေးကောင်း အဆင့်အတန်းမီ ကော်ဖီစစ်စစ်ကို နေ့စဉ်ပုံမှန်သောက်သုံးခြင်းဖြင့် အရသာထူးကဲခြင်း၊ စိတ်လိုအင်ဆန္ဒပြည့်ဝခြင်း၊ နှလုံးငြိမ် အာရုံလန်းဆန်း၍ ဉာဏ်ရွှင်နိုင်ခြင်းတို့ကြောင့် ယနေ့ကမ္ဘာတွင် ကော်ဖီသောက်သုံးမှု တစ်နေ့တခြား များပြားလာသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံအနေဖြင့် အရည်အသွေးကောင်း အဆင့်အတန်းမီ ကော်ဖီစိုက်ပျိုးထုတ်လုပ်နိုင်ရန် ရေမြေရာသီဥတု အခြေခံများ ရှိပြီးဖြစ်သည့်အပြင် နိုင်ငံတော်ကလည်း ပုဂ္ဂလိကလုပ်ငန်းရှင်များအား အခွင့်အလမ်းကောင်းများ ဖန်တီးပေးထားရာ ကော်ဖီစိုက်ပျိုးရေးတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အကျိုးပြုမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

...ကော်ဖီပင်များကိုတွေ့ရစဉ်။



ရင့်မှည့်နေသော ကော်ဖီသီးများကို တွေ့ရစဉ်။

ကြေးမုံ The Mirror ကမ္ဘာမြေတစ်လွှား မှတ်တမ်းဝင်ဖြစ်ရပ်များ

ဝေဟင်လေယာဉ်ထက်မှ ပြုတ်ကျသူ

ယူဂိုဆလားဗီးယားနိုင်ငံမှ ဗက်စ်နာဗူလိုဗစ်သည် လေယာဉ်မယ်တစ်ဦးဖြစ်ပြီး ၁၉၇၂ခုနှစ် ဇန်နဝါရီ ၂၆ရက်က လေယာဉ်ပျက်ကျသည့်ဖြစ်ရပ်နှင့် တွေ့ကြုံခဲ့သည်။ ဗူလိုဗစ်လိုက်ပါလာသော ဒီစီ-၉ အမျိုးအစား လေယာဉ်သည် ဝေဟင်အတွင်း မီးလောင်ပေါက်ကွဲခဲ့ပြီး လေယာဉ်နောက်မြီးပိုင်းတွင် ရှိနေခဲ့သူဗူလိုဗစ်သည် မီတာ ၁၀၁၆၀ (၆ဒသမ ၃မိုင်) အမြင့်မှ မြေပြင်ပေါ် ပြုတ်ကျလာခဲ့သည်။

ဗူလိုဗစ်ရှိနေသော လေယာဉ်နောက်မြီးပိုင်းသည် ချက်ကိုစလိုဗက်ကီးယား (ယခုချက်သမ္မတနိုင်ငံ) စရာဘာစကာမြို့ပေါ်သို့ ကျရောက်ခဲ့ပြီး ၎င်းမှာ အရိုးအများအပြားကျိုးသည့် ထိခိုက်ဒဏ်ရာကို ရရှိခဲ့သည်။ ဗူလိုဗစ်သည် ၂၇ရက်တိုင်တိုင် သတိလစ်မေ့မြောနေခဲ့ပြီး ဆေးရုံတွင် ၁၆လကြာ ဆေးဝါးကုသမှု ခံယူခဲ့ရသည်။

ခုနစ်ကြိမ်တိုင်တိုင် မိုးကြိုးပစ်ခံရသူ

အမေရိကန်နိုင်ငံမှ အမျိုးသားဥယျာဉ်တောအုပ်ကြီးဟောင်း ရွိုင်စီဆူလီဗန်သည် ခုနစ်ကြိမ်တိုင်တိုင် မိုးကြိုးပစ်ခံခဲ့ရဖူးသော်လည်း အသက်ဘေးမှ ရတက်အေးခဲ့ရသူဖြစ်သည်။

ဆူလီဗန်သည် ၁၉၄၂ခုနှစ်တွင် မိုးကြိုးပစ်ခံရမှုကြောင့် ခြေသည်းခွံတစ်ချောင်း ဆုံးရှုံးခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် မိုးကြိုးပစ်ခံရမှုကြောင့် မျက်ခုံးများ ထိခိုက်ပျက်စီးခဲ့သည်။ ၁၉၇၀ပြည့်နှစ် ဇူလိုင်လတွင် မိုးကြိုးပစ်ခံရမှုကြောင့် ဝဲဘက်ပခုံး မီးလောင်ခံခဲ့ရပြီး ၁၉၇၂ခုနှစ် ဧပြီ ၁၆ ရက်တွင် မိုးကြိုးပစ်ခံရမှုကြောင့် ဆံပင်များ မီးလောင်ခံခဲ့ရသည်။ ၁၉၇၃ခုနှစ် ဩဂုတ် ၇ရက်တွင် မိုးကြိုးပစ်ခံရပြန်၍ ခြေထောက်များ မီးဟပ်ခံရမှုနှင့် ၁၉၇၆ ခုနှစ် ဇွန် ၅ ရက်တွင် မိုးကြိုးဒဏ်ကြောင့် ခြေချင်းဝတ် ထိခိုက်ဒဏ်ရာရခဲ့သည်။ ၁၉၇၇ခုနှစ် ဇွန် ၂၅ရက်တွင်လည်း မိုးကြိုးပစ်ခံရမှုကြောင့် ရင်ဘတ်နှင့် ဝမ်းဗိုက်တို့၌ မီးလောင်ဒဏ်ရာရခဲ့သည်။

ဆူလီဗန်သည် ၁၉၈၃ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။ ၎င်းကွယ်လွန်ခြင်းမှာ မိုးကြိုးပစ်ခံရခြင်းကြောင့်မဟုတ်ဘဲ ချစ်သူ၏ ငြင်းပယ်ခံရမှုကြောင့် ၎င်းကိုယ်၎င်း အဆုံးစီရင်ခြင်းကြောင့်ဖြစ်သည်။

တောင်ပေါ်မှလိမ့်ကျသည့် နှင်းလျှောစီးသူ

အမေရိကန်နိုင်ငံ အလာစကာပြည်နယ် ဗယ်လ်ဒက်ဇ်မြို့၌ ၁၉၉၇ ခုနှစ် ဧပြီလက ကမ္ဘာ့ နှင်းလျှောစီးတံခွန်စိုက်ပြိုင်ပွဲတွင် နယူးဇီလန်နိုင်ငံမှ ဘရစ်ဒက်မက်အမည်ရှိ တောင်ပေါ်နှင်းလျှောစီး အားကစားသမားသည် မီတာ ၄၀၀ ခန့်(၁၃၁၂ ပေ ၉ လက်မ)အမြင့်မှ လိမ့်ကျခဲ့သည်။ သို့ရာတွင် မက်သည် ခေတ္တမျှ သတိလစ်သွားပြီး ပွန်းပဲ့ဒဏ်ရာမျှသာ ရရှိခဲ့ကာ သေဘေးမှ လွတ်ခဲ့သည်။

၇၅ ထပ်အမြင့်မှ ပြုတ်ကျသူ

အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ အမ်ပါယာစတိတ် အဆောက်အအုံပေါ်သို့ ၁၉၄၅ ခုနှစ် ဇူလိုင် ၂၈ ရက်က ဘီ-၂၅ ဗုံးကြဲလေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ ယင်းအဆောက်အအုံ၏ ဓာတ်လှေကားအတွင်း ရောက်ရှိနေသူ ဘက်တီလူးအိုလီဗာသည် ၇၅ ထပ် မီတာ ၃၀၀ ကျော် (ပေ ၁၀၀၀) အမြင့်မှ ပြုတ်ကျခဲ့သည်။

သို့ရာတွင် အိုလီဗာမှာ သေကံမရောက် သက်မပျောက်ခဲ့ပေ။

ကာကွယ်ရေးဝန်ကြီးဌာန(ကြည်း၊ ရေ၊ လေ)ရုံး၊ ဌာနအလိုက် ဆောင်းရာသီ ဘော်လီဘောပြိုင်ပွဲ ဆုပေးပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၅

၂၀၀၇ခုနှစ် ကာကွယ်ရေးဝန်ကြီးဌာန (ကြည်း၊ရေ၊လေ)ရုံး/ဌာနအလိုက် ဆောင်းရာသီဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၄ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန အားကစားကွင်း၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ်လှအောင်သိန်း၊ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များနှင့် ၎င်းတို့၏မိသားစုဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အနိုင်ရဗိုလ်စွဲ

ဗိုလ်လုပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန (စခန်းမှူးရုံး)ဘော်လီဘောအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ဘော်လီဘောအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး ဘော်လီဘောအသင်းက သုံးပွဲပြတ်ဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဆုချီးမြှင့်

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကျင်းပရာ ဒုတိယဆုရရှိသွားသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်းအား ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးတင်အောင်က ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပထမဆုနှင့် တံခွန်စိုက် ဒိုင်းဆု ရရှိသွားသည့် ကာကွယ်ရေးဝန်ကြီးဌာန (စခန်းမှူးရုံး)ဘော်လီဘော အသင်းအား ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ်လှအောင်သိန်းက ဆုများကို ချီးမြှင့်ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေး ဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ်လှအောင်သိန်း ၂၀၀၇ ခုနှစ် ကာကွယ်ရေးဝန်ကြီးဌာန(ကြည်း၊ ရေ၊ လေ)ရုံး၊ဌာနအလိုက် ဆောင်းရာသီ ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုနှင့် တံခွန်စိုက်ဒိုင်းဆု ရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန (စခန်းမှူးရုံး)ဘော်လီဘောအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ပြည်နယ်နှင့်တိုင်းဘော်လီဘောပြိုင်ပွဲပြီးစီး ရန်ကုန်တိုင်း အမျိုးသားနှင့်အမျိုးသမီးအသင်းဗိုလ်စွဲ

ရန်ကုန် ဒီဇင်ဘာ ၂၅

၂၀၀၇ ခုနှစ် (၃၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲကို ယမန်နေ့ နံနက် ၉ နာရီမှစ၍ အောင်ဆန်း အားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမတွင် ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသား အသင်းနှင့် အမျိုးသမီးအသင်းတို့ အနိုင်ရဗိုလ်စွဲသွားကြသည်။

ဆက်လက်ထိန်းသိမ်း

အမျိုးသားဗိုလ်လုပွဲတွင် ရန်ကုန်တိုင်း အသင်းက လက်ရှိချန်ပီယံရှမ်းပြည်နယ် (တောင်ပိုင်း)အသင်းကို ၂၅-၂၃မှတ်၊ ၂၆-၂၄မှတ်၊၂၅-၁၂မှတ်၊သုံးပွဲ-ပွဲမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ အမျိုးသမီး ဗိုလ်လုပွဲတွင် လက်ရှိချန်ပီယံ ရန်ကုန် တိုင်းအသင်းက မကွေးတိုင်းအသင်းကို အနိုင်ရရှိကာ ချန်ပီယံဘွဲ့ ဆက်လက် ထိန်းသိမ်းသွားသည်။

ဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် ဆု ချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက် ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟို လုပ်ငန်းကော်မတီ အထွေထွေအတွင်း ရေးမှူး ဒေါ်အယ်လ်ခွန်းရီတို့က အမျိုး သမီးပြိုင်ပွဲ ပထမဆုရ ရန်ကုန်တိုင်း၊ ဒုတိယဆုရ မကွေးတိုင်း၊ ပူးတွဲ တတိယ ဆုရ မန္တလေးတိုင်းနှင့် မွန်ပြည်နယ်၊ အမျိုးသားပြိုင်ပွဲပထမဆုရရန်ကုန်တိုင်း၊ ဒုတိယဆုရ ရှမ်းပြည်နယ်(တောင်ပိုင်း) နှင့်ပူးတွဲ တတိယဆုရ စစ်ကိုင်းတိုင်းနှင့် ပဲခူးတိုင်းတို့အား တစ်ဦးချင်း ဆုတံဆိပ် နှင့် ငွေသားဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ ဘော်လီဘော အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းက အကောင်းဆုံး အားကစားသမားဆုရ အမျိုးသား မျိုးမင်းအောင်(ရန်ကုန်)နှင့် အမျိုးသမီး ခင်သက်ဝေ(မကွေး)တို့အား ဆုများချီးမြှင့်သည်။

တံခွန်စိုက်ဒိုင်းချီးမြှင့်

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ် ကော်မတီဥက္ကဋ္ဌကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်း ရေးမှူး အားကစားနှင့်ကာယပညာဦးစီး ဌာနညွှန်ကြားရေးမှူးချုပ်ဦးသောင်းထိုက် က ပထမဆုရရှိကြသော ရန်ကုန်တိုင်း အမျိုးသားအသင်းနှင့် ရန်ကုန်တိုင်း အမျိုးသမီးအသင်းတို့အား တံခွန်စိုက် ဒိုင်းနှင့် ဆင့်ပွားဒိုင်းများအား ပေးအပ် ချီးမြှင့်သည်။

ဂုဏ်ပြုဆုငွေချီးမြှင့်

ပထမဆုရရှိသော ရန်ကုန်တိုင်း အမျိုး သားအသင်းနှင့် အမျိုးသမီးအသင်း တို့အား ရန်ကုန်တိုင်း ဘော်လီဘော ဆပ်ကော်မတီဥက္ကဋ္ဌ၊ အောင်သိန်းသန်း ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးအေးသိန်းက ဂုဏ်ပြုဆုငွေကျပ်၁၃သိန်း ပေးအပ်ချီးမြှင့်သည်။ (ကြေးမုံ)

(၃၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘော်လီဘောပြိုင်ပွဲတွင်တံခွန်စိုက်ဒိုင်း ဆွတ်ခူးရရှိသွားသော ရန်ကုန်တိုင်း အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့အား မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် အတူတွေ့ရစဉ်။ (ကြေးမုံ)

ဓမ္မစာပေသင်တန်းများ တက်ရောက်နိုင်

ရန်ကုန် ဒီဇင်ဘာ ၂၅

အခြေခံအဘိဓမ္မာနှင့် လယ်တီ မဟာ သရဏဂုံတော်ကြီး သင်တန်းများကို ဇန်နဝါရီ ၅ ရက်မှ ဧပြီ ၅ ရက်အထိ (စနေနေ့တိုင်း) ရွှေပေါက်ကံမြို့သစ် မင်းရဲကျော်စွာလမ်း ဒေါ်သန်းသန်းစိုး နေအိမ်တွင်လည်းကောင်း၊ဇန်နဝါရီ၆ရက် မှ ဧပြီ ၆ ရက်အထိ(တနင်္ဂနွေနေ့တိုင်း) ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၉) ရပ်ကွက် နံ့သာမြိုင်လမ်း အမှတ်(၂၉၅-က) ဆရာဦးချမ်းသာအိမ်တွင်လည်း ကောင်း မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ပိဋကတ်ပညာရှင် ဆရာ ဦးချမ်းသာ(အဘိဝံသ၊ သိရိပဝရ ဓမ္မာ စရိယ၊ပါဠိပါရဂူ၊ပိဋကတ်တစ်ပုံဆောင်၊ ဓမ္မစာပေဆုများရှင်)က ဓမ္မဒါနပို့ချမည် ဖြစ်၍ ဆက်သွယ်စာရင်းပေး တက် ရောက်နိုင်ကြောင်းသိရသည်။

(က-ပ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီးတည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် မေလိခလမ်းနေ ကွယ်လွန်သူ ဗိုလ်မှူး ဖေသန်း-ဒေါ်ယုဝတီခင်စိန်လှိုင်တို့အား အမှူးထားပြီး မိခင်ကြီး ဒေါ်ယုဝတီခင်စိန်လှိုင် ကွယ်လွန်ခြင်း တစ်နှစ်မြောက် အတွက် ရည်စူး၍ သား၊ သမီး၊ မြေးတစ်စုက ငွေကျပ်၁၁၀၀၀၀ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအေးကို၊ ဦးသိန်းထွန်းနှင့် ဦးအုန်းကြိုင်တို့ လက်ခံယူစဉ်။ (ကြေးမုံ)

အိမ်မဲမြို့နယ် ရေသိုးညောင်ဝိုင်း ကျေးရွာရှိ အောင်သိပ္ပံစာသင်တိုက် နှင့် လူငယ်ဖွံ့ဖြိုးရေး ပရဟိတ ကျောင်းဆောင်သစ်အတွက် အလှူငွေ ပေးအပ်ပွဲကို ဒီဇင်ဘာ ၂ ရက်က ကျင်းပရာ အထက်ပိုင်း(၄)လမ်းနေ အလှူရှင် ကိုစိုးမင်းထွန်း-မသန္တာဆွေ၊ သမီး မဖြိုးပုလဲသွယ်၊ မဖြိုးသံသာ သွယ်(ဟန်သစ်ရွှေဆိုင်)မိသားစုတို့က အလှူငွေကျပ် သိန်း ၂၀ ကို လှူဒါန်း ရာ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးကျော်ခင် လက်ခံယူစဉ်။

(မြို့နယ်ပြန်/ဆက်)

ဆုချီးမြှင့်

ဒီဇင်ဘာ ၁၆ ရက်က ကျင်းပသည့် ၂၀၀၇-၂၀၀၈ ကျောင်းပေါင်းစုံ ဘတ်စကက်ဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲ တွင် ဒေါက်တာကျော်ဆန်းက အမျိုးသားအသင်းအား ဆုချီးမြှင့်စဉ်။

(အား/ကာ)

ခြေလျင်တောင်တက်အသင်းသို့ နတ်ရေကန်မှငွေလှူ

ရန်ကုန် ဒီဇင်ဘာ ၂၅

တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်းဥက္ကဋ္ဌ ဦးမျိုးသန့်နှင့် အဖွဲ့ဝင် ၄၀ကျော်တို့ ဒီဇင်ဘာ ၂၇ရက်မှစ၍ ချင်းပြည်နယ်ရှိ အမြင့်ဆုံးတောင်များ ဖြစ်ကြသည့် ကန်ပက်လက်မြို့နယ်မှ ပေ ၁၀၅၀၀ မြင့်သော နတ်မတောင်၊ မတူပီမြို့နယ်မှ ပေ ၉၀၀၀ကျော်မြင့်သော မောပိတောင်၊ လုံတိမ်းတောင်များကို တက်ရောက်ပြီး ရေတံခွန်အဆင့်(၇)ဆင့်ရှိပြီး ပေ ၁၅၀၀ ကျော်မြင့်သည့် ဘုံတလာတောင်တို့ကို လေ့လာကြမည်ဖြစ်သည်။

ခရီးစဉ်မှာ ရက် ၂၀ခန့်ကြာမည်ဖြစ်ပြီး မိုင်ပေါင်း ၅၀ခန့် သွားရောက် ကြမည်ဖြစ်ရာ တက္ကသိုလ်များ ခြေလျင်တောင်တက်အသင်းဥက္ကဋ္ဌ ဦးမျိုးသန့်နှင့် အဖွဲ့အား နတ်ရေကန်ဦးတင်မောင်ထွေးက ဂုဏ်ပြုငွေကျပ် တစ်သိန်း **(အပေါ်ပုံ)**နှင့် တောင်ပေါ်ကလေးများအတွက် ချိုချဉ်သကြားလုံး ၂၀၀၀တို့ကို ပေးလှူခဲ့ကြောင်း သိရှိရသည်။

(က-ပ)

မင်္ဂလာညစာခံပွဲကျေးဇူးတင်လွှာ

မောင်အောင်ကျော်မိုး(Global Travel Service Co., Ltd.)နှင့် **မဟေမာန်ဇင်**(Nara-Apex Travel & Tour Co., Ltd.)တို့၏ ၂၅–၁၂–၂၀၀၇ရက်တွင် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၌ ကျင်းပသော မင်္ဂလာညစာခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
မောင်အောင်ကျော်မိုး–မဟေမာန်ဇင်

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ပဒေသာလမ်း၊ အမှတ်(၃၂)နေ တရားရုံးချုပ်ရှေ့နေ ဦးအောင်မြင့်ဆွေ–ဒေါ်မြင့်မြင့်သိန်းတို့၏သား

မောင်မင်းလွင်စိုး B.A(B.M), Dip.in(IT)

နှင့်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ကုန်သည်လမ်း၊ အမှတ်(၄၄၂)နေ ဦးမောင်ညို–ဒေါ်တင်မြိုင်တို့၏သမီး

မဖြူဖြူထွန်း(ခ)မသန်းသန်းငွေ
B.A(B.M), (Student's Guide)

တို့သည် ၂၅–၁၂–၂၀၀၇ရက်တွင် နှစ်ဖက်မိဘဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်မိဘများနှင့် မောင်မင်းလွင်စိုး–မဖြူဖြူထွန်း

(၂၅)နှစ်မြောက်မင်္ဂလာဆုတောင်း

ချစ်ဖေဖေ **ဦးမောင်မောင်သက်**နှင့် ချစ်မေမေ **ဒေါ်သန်းသန်းဝေ** တို့၏ ၂၆–၁၂–၂၀၀၇ရက်တွင် ကျရောက်သည့် မင်္ဂလာရက်မြတ်မှစ၍ နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့်ပြည့်စုံပြီး ချစ်သား၊ သမီးတို့နှင့်အတူ အသက်ထက်ဆုံး ပျော်ရွှင်နိုင်ပါစေလို့ ဆုတောင်းမေတ္တာပို့သလျက်–

ချစ်သား–ဗိုလ်ဖြိုးသက် B.E(EP)DSTA
ချစ်သမီး–သက်စုဟန် B.Pharm

(၂၅)နှစ်မြောက်မင်္ဂလာဆုတောင်း

ဦးသက်နှင့်အန်တီဝေတို့၏ ၂၆–၁၂–၂၀၀၇ရက်တွင် ကျရောက်သည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် မင်္ဂလာရက်များ ဖြတ်သန်းနိုင်ပါစေ။

ချစ်တူမ–ခိုင်ခိုင်၊ ချိုသီ

ရန်ကုန်စက်မှုတက္ကသိုလ်(၁၉၇၈)

ဘာသာရပ်ပေါင်းစုံ ကျောင်းသား၊ ကျောင်းသူများ၏ ပဉ္စမအကြိမ် မိတ်ဆုံညစာစားပွဲ

ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၇၂–၇၈)ဘာသာရပ်ပေါင်းစုံကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ် မိတ်ဆုံညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တက်ရောက်ကြပါရန် ဖိတ်ကြားနိုးဆော်အပ်ပါသည်။ တက်ရောက်လာသောကျောင်းသား၊ ကျောင်းသူဟောင်းများအားမေတ္တာဖြင့် ညစာစားပွဲ တည်ခင်းဧည့်ခံပါမည်။

ကျင်းပမည့်နေ့ရက်	–	**၂၉–၁၂–၂၀၀၇ (စနေနေ့)**
ကျင်းပမည့်အချိန်	–	**ညနေ (၆း၀၀)နာရီ**
ကျင်းပမည့်နေရာ	–	**Lion City Restaurant ရေကြောင်းသိပ္ပံကျောင်းရှေ့၊ ဘုရင့်နောင်လမ်း၊ ဆင်မလိုက်**

အသေးစိတ်သိလိုပါက အောက်ပါသူငယ်ချင်းများထံ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ ကျော်ဝင်း ၀၉–၅၁၀၀၅၅၇၊ ဝင်းငွေ ၀၉–၈၀၃၀၃၂၆၊ အောင်လှချစ် ၀၉–၅၀၀၅၀၅၈၊ လှမြင့် ၀၉–၅၀၀၁၁၂၃၊ ရွှေသိန်းကျော်၊ ၀၉–၅၀၀၂၇၉၅၊ သန်းညွန့် ၀၁–၇၀၁၇၇၃၊ လှမင်း ၀၂–၃၈၁၈၇၊ ခင်မောင်ထွန်း ၀၉–၅၀၀၁၄၇၉၊ လှလှမြင့် ၀၁–၅၃၇၈၉၆၊ မကြည်ငွေ ၀၁–၅၃၈၈၆၁၊ ခင်အုန်းမြင့် ၀၁–၆၆၃၉၃၄

အောင်ချမ်းမြေ

ဆေးဝါးကျွမ်းကျင်သင်တန်း၊ သူနာပြုအကူသင်တန်း

ပြည်တွင်း၊ ပြည်ပအတွေ့အကြုံရှိ ဝါရင့်နာမည်ကြီး ဆေးဝါး ကျွမ်းကျင်ပညာရှင်များ၊ သူနာပြုအုပ်အငြိမ်းစားများဦးစီး၍ နားလည်တတ်မြောက်အောင် အင်္ဂလိပ်–မြန်မာ နှစ်ဘာသာဖြင့် စာတွေ့၊ လက်တွေ့ သရုပ်ပြသင်ကြားပေးသည်။ သင်တန်းကာလပြီးလျှင် နိုင်ငံခြားဆေးပစ္စည်းဆိုင်ချက်ချင်းဖွင့်နိုင်မည်။ ကျွမ်းကျင်သော သူနာပြုအကူဖြစ်မည်။ ဆေးဆိုင်ဖွင့်နိုင်ရေး အဘက်ဘက်မှ ကူညီမည်။ ပြည်တွင်း၊ ပြည်ပအလုပ်အကိုင် ရရှိရေးကူညီမည်။ သင်တန်းဆင်း လက်မှတ်ပေးမည်။ သန့်ရှင်းသော သင်တန်းခန်းများတွင် တစ်ယောက်ထိုင်ခုံဖြင့် သင်ကြားသည်။ နယ်မှ သင်တန်းသား/သူများအတွက် ဘော်ဒါဆောင်ရှိသည်။ ကြိုတင်စာရင်းသွင်းပါ။

နှစ်ပတ်လည် အထူးအစီအစဉ် ၄၀% Discount

နှစ်ပတ်အပြီး(ဝွတ်ရှယ်) အထူးသင်တန်း။ ဆေးဝါးကျွမ်းကျင်/သူနာပြုအကူသင်တန်း

* အပတ်စဉ်(၂၉၃) ၂–၁–၂၀၀၈ စမည်။
တနင်္လာမှ သောကြာ နေ့စဉ်။ (၁၆)ဦး
09:00 AM to 4:30 PM(12:30 to 1:30 Break Time)

တစ်လပြတ်အထူးသင်တန်း။ ဆေးဝါးကျွမ်းကျင်/သူနာပြုအကူသင်တန်း

* အပတ်စဉ်(၂၉၁) ၃၁–၁၂–၂၀၀၇ စမည်။
တနင်္လာ မှ သောကြာ နေ့စဉ်။ (၁၆)ဦး
(I) 08:00 to 11:30AM (II) 09:00 to 12:30PM (III) 12:30 to 4:00PM

နှစ်လပြတ်အထူးသင်တန်း။ ဆေးဝါးကျွမ်းကျင်/သူနာပြုအကူသင်တန်း

* အပတ်စဉ်(၂၉၂) ၁–၁–၂၀၀၈ စမည်။
အင်္ဂါ နှင့် ဗုဒ္ဓဟူး နှစ်ရက်တည်းသာ။ (၁၆)ဦး
* အပတ်စဉ်(၂၉၅) ၃–၁–၂၀၀၈ စမည်။
ကြာသပတေးနှင့်သောကြာ နှစ်ရက်တည်းသာ။ (၁၆)ဦး
* အပတ်စဉ်(၂၉၆) ၅–၁–၂၀၀၈ စမည်။
စနေ၊ တနင်္ဂနွေ နှစ်ရက်တည်းသာ။ (၁၆)ဦး
(I) 08:00 to 11:30AM(II) 09:00 to 12:30PM (III) 12:30 to 4:00PM

သုံးလပြတ်အထူးသင်တန်း။ ဆေးဝါးကျွမ်းကျင်/သူနာပြုအကူသင်တန်း

* အပတ်စဉ်(၂၉၄) ၂–၁–၂၀၀၈ စမည်။
ဗုဒ္ဓဟူးနှင့် ကြာသပတေး နှစ်ရက်တည်းသာ။ (၁၆)ဦး
(I) 01:30 to 03:30PM
* အပတ်စဉ်(၂၉၇) ၅–၁–၂၀၀၈ စမည်။
စနေနေ့ တစ်ရက်တည်းသာ။ (၁၆)ဦး
* အပတ်စဉ်(၂၉၈) ၆–၁–၂၀၀၈ စမည်။
တနင်္ဂနွေနေ့ တစ်ရက်တည်းသာ။ (၁၆)ဦး
(I) 08:00 to 12:30PM(II) 12:30 to 05:00PM

အမှတ်–၁၆၊ တတိယလွှာ (ပွင့်ရွှေလင်းတာယာနှင့် အလှိုင်းဗိုး ရောင်းဝယ်ရေးဆိုင် အပေါ်ဆုံးထပ်)၊ ဗိုလ်မိုးလမ်း၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဂမုန်းပွင့်ကုန်တိုက်မှ နှစ်လမ်းကျော်။ ဖုန်း–၀၉–၅၁၇၅၂၈၅၊ ၅၃၄၈၈၃၊ ၅၃၄၇၃၃ (am-7:00 to pm-9:00) ပိတ်ရက်မရှိပါ။
http://www.acmnursingtraining.com

ပညာဒါနသင်တန်း

ရန်ကုန် ဒီဇင်ဘာ ၂၅

ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ်(ဆ/ခ)ရပ်ကွက် ရွှေကိန္နရီအိမ်ရာ နောက်ကျောဘက် လေးထောင့်ကန် လမ်းမကြီး ဘဝမြင့်မှတ်တိုင် ရတနာသိဒ္ဓိ ပရိယတ္တိ စာသင်တိုက်တွင် ပညာဒါနအဖြစ် အဆင့်မြင့် အင်္ဂလိပ်ဘာသာ အရေး၊ အဖတ်၊ အပြောနှင့် ဂျပန်ဘာသာ သင်တန်းများကို ၂၀၀၈ခုနှစ် ဇန်နဝါရီ ၂ရက်မှ စတင်ဖွင့်လှစ်မည်ဖြစ်ရာ အသေးစိတ်သိလိုပါက ဖုန်း–၅၆၀၇၄၃ သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (က–ပ)

လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

မောင်ရဲထက်အောင်

၂၀၀၆–၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ
ငါးဘာသာဂုဏ်ထူးရှင်
(အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ)

ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်းမှ ၂၀၀၆–၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ခြင်း နှင့် ကျောင်းတက်ရက်မှန်ဆု ရရှိခဲ့သော ဂုဏ်ထူးရှင် တစ်ဦးတည်းသောသား မောင်ရဲထက်အောင်၏ အောင်မြင်မှုများအား ဖေဖေနှင့် မေမေတို့က ဂုဏ်ယူဝမ်းမြောက် မိပါသည်။ နောင်အနာဂတ်တွင်လည်း ဆတက်ထမ်းပိုးတိုး၍ ရည်မှန်းချက်ပန်းတိုင် ရောက်အောင် လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

ဖေဖေ – ဗိုလ်မှူးကြီးစိုးရှိန်
မေမေ – ဒေါ်အေးအေးစန်း

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၂)လမ်း၊ အမှတ်(၁၁၇)နေ
ဟာဂျီ ဦးမြင့်လွင် (ဦးစီးအရာရှိ(ငြိမ်း)အကောက်ခွန်ဦးစီးဌာန)–ဟာဂျီမ ဒေါ်သန်းသန်းအေး တို့၏ သား

မောင်ထွဋ်နေလင်း B.C. Tech(University of Computer Studies, Yangon)
(Yok Impex Pte Ltd, Singapore)

နှင့်

မန္တလေးမြို့၊ ၂၆လမ်း၊ (၈၀x၈၁)ကြား၊ အမှတ်(၁၉၁)နေ
ဟာဂျီ ဦးမြင့်သန်း(နီလာ–အော့(ဖ်)ဆက်)–ဒေါ်တင်မာကြည်တို့၏ သမီး

မစိုးမိုးသန်း B.Arch(Mandalay Technological University)
M.Sc:Project Management(National University of Singapore)
(Richardho Architects, Singapore)

တို့သည် ၂၅–၁၂–၂၀၀၇ရက်တွင် နှစ်ဖက်မိဘဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်မိဘများနှင့် မောင်ထွဋ်နေလင်း–မစိုးမိုးသန်း

အမြန်ပြန်လာပါ

ကျွန်တော်၏ သမီးဖြစ်သူ မနွေးငြိမ်းကျော်(Grade-10-B) မှတ်ပုံတင်အမှတ်[၁၂/စခန(နိုင်)၀၆၉၆၀၇]နေအိမ်မှထွက်သွားပါသဖြင့် ရောက်ရာအရပ်မှအမြန်ပြန်လာပါ။ အပြစ်အားလုံးခွင့်လွှတ်သည်။သွေးဆောင်ဖြားယောင်းလက်ခံထားသူကို တရားဥပဒေအရထိရောက်စွာအရေးယူသွားပါမည်။ တွေ့ရှိသူများ ဆက်သွယ်ပေးပါရန်။ ထိုက်တန်စွာကျေးဇူးဆပ်ပါမည်။

ဖခင် ဦးငွေစိုးအောင်
[၁၂/စခန(နိုင်) ၀၀၃၉၂၅]
ဖုန်း(ရုံးချိန်အတွင်း) ၅၁၉၄၇၉၊ ၅၁၉၄၈၀

ဒီဇင်ဘာ ၂၂ ရက်က လသာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အစည်းအဝေးခန်းမတွင်ကျင်းပသော သက်ကြီးရွယ်အိုအဖွဲ့ဝင်များ ထောက်ပံ့ချီးမြှင့်ခြင်းနှင့် ပညာသင်စရိတ် ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားတွင် အသက်(၆၅)နှစ်အထက် အဖွဲ့ဝင် ဒုအရာခံဗိုလ်မောင်စံ(ငြိမ်း)အား လသာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကျင်မိုန်(ငြိမ်း) ထောက်ပံ့ချီးမြှင့်စဉ်။
(စစ်မှုထမ်းဟောင်း)

သင့်သွေးဖြင့် အသက်ကယ်ပါ

ပြည့်ဝ

- အလူမီနီယံနှင့် မှန်အမျိုးမျိုး
- အသင့်ခင်းပါကေး (Laminated Floor) အမျိုးမျိုးရနိုင်ပါသည်။
- အဆင့်မြင့် Ready made တံခါးအမျိုးမျိုး၊ Stainless Steel တံခါးအမျိုးမျိုးနှင့် ကြေးတံခါး အမျိုးမျိုး ရနိုင်ပါသည်။
- ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ အိမ်အလှဆင်လုပ်ငန်းရှင်များ တစ်ဆင့်ပြန်လည်ရောင်းချသူများ ဆက်သွယ်ပါ။ အကောင်းဆုံးအရည်အသွေးနှင့် အသက်သာဆုံးဈေးနှုန်းနှင့် ရနိုင်ပါသည်။

အမှတ်–၂၈၅၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမီးပွိုင့်အနီး၊ အလုံမြို့နယ်
ဖုန်း–၀၁–၂၁၅၇၈၇၊ ၀၁–၇၀၁၀၂၉(ဈေးနှုန်းစုံစမ်းနိုင်ပါသည်။)

ဘာသာစုံ ပထမ

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၃၀) အခြေခံပညာမူလတန်းကျောင်း ၂၀၀၆–၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို ဒီဇင်ဘာ ၂၁ရက်က ကျင်းပရာ Grade (2) မှ ဘာသာစုံ ပထမရရှိသော မောင်ဝင်းအောင်တင့်အား မြို့နယ်ပညာရေးမှူး ဒေါ်မြင့်ရီ ဆုချီးမြှင့်စဉ်။
(က–ပ)

ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၅

ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ကုန်သွယ်ရေး၊ ဘဏ္ဍာရေးနှင့် အခွန်အကောက်ဆိုင်ရာ လုပ်ငန်းကော်မတီကကြီးမှူးပြီး ဒိုင်းမွန်းစတားကုမ္ပဏီ၏ပံ့ပိုးကူညီမှုဖြင့် ဒီဇင်ဘာ ၂၉ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင်ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower မင်္ဂလာခန်းမ၌ Myanmar Vigour Co., မန်နေဂျင်းဒါရိုက်တာနှင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် အထွေထွေမန်နေဂျာ (အငြိမ်းစား) ဦးစိုးဝင်းက Fundamentals of International Trade Finance နှင့် Letter of Credit ခေါင်းစဉ်ဖြင့် ဟောပြောမည်

မြန်မာနိုင်ငံ ဆရာဝန်အသင်း သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၅

မြန်မာနိုင်ငံ ဆရာဝန်အသင်း၏(၂၅)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို အမျိုးသမီး ဆရာဝန်များအဖွဲ့ကကြီးမှူး၍ ဒီဇင်ဘာ ၂၉ရက် နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမ၌ကျင်းပမည်ဖြစ်ရာ အခမ်းအနား၌ အသက်(၇၃)နှစ်ပြည့်ပြီးသည့် ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ကြမည်ဖြစ်၍ ဆရာဝန်များအားလုံး ကြွရောက်ပူဇော်ကန်တော့ကြပါရန် ဖိတ်ကြားထားကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အင်တာနက်နှင့် အီးမေးလ်သင်တန်းဖွင့်မည်

ရန်ကုန် ဒီဇင်ဘာ ၂၅

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများလူနေမှုဘဝမြင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် Information Channel (i-channel)တို့ပူးပေါင်းစီစဉ်မှုဖြင့် Internetနှင့် e-Mail သင်တန်း အမှတ်စဉ် ၁/၂၀၀၈ကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၁၄ရက်မှ ၃၀ရက်ထိ ဖွင့်လှစ်သင်ကြားမည် ဖြစ်သည်။ သင်တန်းသူ အမျိုးသမီး ၃၀ သာ လက်ခံသင်ကြားမည်ဖြစ်ပြီး သင်တန်းလျှောက်လွှာများကို မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဖုန်း–၂၅၂၅၈၉ အောင်ဆန်းအားကစား ပြိုင်ဝင်း အနောက်ဘက်တန်းတွင် ရယူ၍ ဇန်နဝါရီ ၁၁ရက် နောက်ဆုံးထားပြီး ပြန်လည်ပေးပို့ရမည် ဖြစ်သည်။ (သတင်းစဉ်)

အောင်ဆန်းသူရိယ လှသောင်းကျောင်း အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၅

အထက (၂) မင်္ဂလာဒုံ (အောင်ဆန်းသူရိယ လှသောင်းကျောင်း)၌ ၁၉၇၂ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့) နံနက် ၉နာရီတွင် အဆိုပါ ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆရာ၊ ဆရာမဟောင်းများ၊ လက်ရှိ ဆရာ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူဟောင်းများ အားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုပါက ကျောင်း ဖုန်း–၆၃၅၃၈၅သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဂျော်ဒန်တွင် ယခုနှစ် ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူ ၈၀၀ ခန့်ရှိ

အာမန် ဒီဇင်ဘာ ၂၅

ဂျော်ဒန်နိုင်ငံတွင် ၂၀၀၇ခုနှစ်အတွင်း ယာဉ်တိုက်မှုပေါင်း ၉၄၂၅၇ မှုဖြစ်ပွားခဲ့ရာ ၇၈၉ ဦး သေဆုံးရပြီး ၁၂၉၈၉ ဦး ဒဏ်ရာရသွားကြောင်း ဒီဇင်ဘာ ၂၃ ရက်တွင်ထုတ်ပြန်သော တရားဝင်စာရင်းများအရ သိရသည်။

ထို အဖြစ်အပျက်များကြောင့် ငွေရေးကြေးရေးအရ ဆုံးရှုံးမှုမှာ အမေရိကန်ဒေါ်လာ သန်း ၃၆၀ ခန့်ရှိကြောင်းကို စာရင်းက ဆက်လက်ဖော်ပြသည်။

ယာဉ်တိုက်မှုများ ဖြစ်ပေါ်စေသည့် အကြောင်းရင်းမှာ အရှိန်ပြင်းစွာမောင်းခြင်း၊ ကားနောက်ပိုင်းမှ ကပ်၍လိုက်ခြင်း၊ အချက်ပြမီးဖြင့် သတိပေးသည်ကို မလိုက်နာဘဲနေခြင်း၊ လမ်းစည်းကမ်းမလိုက်နာခြင်း၊ ယာဉ်ကြောကို မမှန်မကန်အသုံးပြုခြင်း စသည့် အကြောင်းများကြောင့် ဖြစ်သည်ဟု ဆိုသည်။

လွန်ခဲ့သော အနှစ် ၂၀အတွင်း ယာဉ်တိုက်မှုကြောင့် သေဆုံးရသော ပြည်သူဦးရေသည် ၁၁၀၀၀ မျှအထိ မြင့်တက်လာခဲ့သည်။ သို့ဖြစ်၍ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်သေဆုံးမှုများ လျော့ပါးသွားစေရန် စည်းကမ်းတင်းကျပ်မှုများ ပြုလုပ်လာရသည်။

ဥပမာအားဖြင့်ဆိုပါက ယခင်က မီးနီဖြတ်မောင်းလျှင် ဒီနာငွေ ၁၀၀ ဒဏ်ရိုက်ရာမှ ယခုအခါ ဒီနာ ၂၅၀ အထိ ဒဏ်ရိုက်ခြင်း၊ မူးယစ်သောက်စား မောင်းနှင်ပါက ကျခံရမည့် ထောင်ဒဏ်ကို သုံးလအထိ တိုးမြှင့်လိုက်သည့်အပြင် ဒဏ်ငွေဒီနာ ၅၀၀ ကိုလည်း ပေးဆောင်စေခြင်း စသည့် တင်းကျပ်မှုများ ပြုလုပ်လိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ။

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ အဆိုတော်သရုပ်ဆောင်(ဦးသန်းဖေလေး)–
ဒေါ်နုနုရီတို့၏သားကြီး
မောင်ဉာဏ်ထက်အောင် B.E (Civil)
လက်ထောက်အင်ဂျင်နီယာ (နယ်စပ်/စည်ပင်)
နှင့်
ရန်ကုန်မြို့နေ ဦးသန်းလွင်–ဒေါ်တင်တင်ထွေးတို့၏သမီးလတ်
မမေမြတ်သူ (B.Arch)

တို့၏ ၂၅–၁၂–၂၀၀၇ (အင်္ဂါနေ့)တွင် Dusit Inya Lake Hotel ၌ မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးသော ဒေါ်ခင်ဆွေရီ [တွဲဖက်တိုင်းတရားသူကြီး (၁)၊ ရန်ကုန်တိုင်းတရားရုံး]၊ အသိသက်သေများအဖြစ် ဆောင်ရွက်ပေးကြသော ဒါရိုက်တာ ဦးအောင်မြင့်မြတ်နှင့် ဗိုလ်မှူးချုပ်မောင်မောင်(ငြိမ်း)၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော ဗိုလ်မှူးချုပ်မောင်မောင်(ငြိမ်း)နှင့်ဇနီး ဒေါ်နော်ဘွေဖော၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော တေးသံရှင်ရန်ပိုင်စိုးနှင့် စိမ်းလန်းစိုပြည်ဥယျာဉ်၌ ကျင်းပသော မင်္ဂလာညစာစားပွဲသို့ ကိုယ်တိုင်ကြွရောက် ချီးမြှင့်အားပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ မင်္ဂလာလက်ဆောင်ပစ္စည်း ပေးပို့ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ စိမ်းလန်းစိုပြည်ဥယျာဉ်မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ နှစ်ဖက်သော မိဘဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

မောင်ဉာဏ်ထက်အောင်–မမေမြတ်သူ

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

အောင်လံမြို့၊ ကမ်းနားလမ်း၊ ကန်ကြီးရပ်ကွက်၊ အမှတ် (၃၁၇/က)နေ
ဦးဘိုဌေး–ဒေါ်မြင့်မြင့်ခိုင်တို့၏ သား
ဗိုလ်ကြီးမင်းသူဗိုလ် B.Sc (DSA), M.Sc (Maths)
နည်းပြအရာရှိ၊ စစ်တက္ကသိုလ်
နှင့်
ရန်ကုန်မြို့၊ အမှတ်(၈၂) (က/၁)၊ ဆရာစံလမ်းသွယ်၊ ဗဟန်းမြို့နယ်နေ
ဦးခင်မောင်ဖြူ–ဒေါ်သန်းသန်းတို့၏ သမီးကြီး
မတင်ပြုံးလွင်(ခ)မတင်တင်ထိုက်
B.A(Eco), Dip in ICT (YU), Dip in Computer Studies,
Dip in Global English

တို့၏ ၂၁–၁၂–၂၀၀၇ ရက်တွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော ဦးကြွယ်ကြွယ် (ရန်ကုန်တိုင်းတွဲဖက်တရားသူကြီး)အားလည်းကောင်း၊ ၂၅–၁၂–၂၀၀၇ (အင်္ဂါနေ့)၌ Yuzana Garden Hotel ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ချီးမြှင့်ဆင်မြန်းပေးပါသော ဗိုလ်မှူးကြီးအောင်မြင့် (ငြိမ်း)နှင့်ဇနီး၊ ဗိုလ်မှူးကြီးမင်းသွင် (ငြိမ်း)နှင့် ဇနီး၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာပန်းကြဲပေးသော ညီမလေး မအိဖြူလွင်၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မမေမီထွန်းနိုင်၊ မထိုက်ထိုက်လင်း၊ သတို့သား၊ သတို့သမီးအရံများဖြစ်ကြသော ဗိုလ်ကြီးသက်ဇော်ထွန်း၊ ဗိုလ်ကြီးဟန်နိုင်စိုး၊ မလဲ့ကေခိုင်၊ မဝင့်ကေခိုင်တို့အားလည်းကောင်း၊ ဓာတ်ပုံဗီဒီယို ဝဏ္ဏခွာနီး၊ မင်္ဂလာဝတ်စုံ သီတဂူ၊ မိတ်ကပ်တိုးတိုး (Cover Marks)အား လည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော စစ်ဘက်၊ နယ်ဘက်မှ ဂုဏ်သရေရှိဧည့်ပရိသတ်နှင့် ဝိုင်းဝန်းကူညီကြသော နှစ်ဖက်သော ဆွေမျိုး၊ သူငယ်ချင်း၊ မိတ်သင်္ဂဟများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးမင်းသူဗိုလ်–မတင်ပြုံးလွင်

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

တောင်ကြီးမြို့နေ ဦးမြင့်အောင် (အင်ဂျင်နီယာမှူးကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်း၊
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း) – ဒေါ်ခင်မမ တို့၏ သားကြီး
မောင်ဝင်းမင်းအောင်
Final Year (Electronic) National University of Singapore
Assistant Engineer-Infineon Technologies Asia Pacific Pte Ltd.
နှင့်
ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ အမှတ် (၂၈၅)နေ
ဦးကျော်ဝင်း MD (EJI-EMPLOYMENT AGENCY) &
(MAE EDUCATION CENTER)–ဒေါ်ခင်နွဲ့
(DIRECTOR - EASTERN JADE INT'L Co., Ltd.)
တို့၏ သမီးထွေး
မခင်စုထွေးဝင်း
Final Year (Electronic) National University of Singapore
Associate Engineer-Chartered Semiconductor Manufacturing Ltd.

တို့သည် ၂၅–၁၂–၂၀၀၇ ရက်နေ့တွင် Sedona Hotel မင်းတုန်းခန်းမ၌ နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဝင်းမင်းအောင်–မခင်စုထွေးဝင်း

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

မော်လမြိုင်မြို့၊ ရတနာထွန်းပွဲရုံဝင်း၊ ကျောက်စိမ်းလမ်း၊ အမှတ်(၇၈)နေ
ဦးမြင့်သိန်း–ဒေါ်နွယ်နွယ်အောင် (တရားရုံးချုပ်ရှေ့နေ) တို့၏တစ်ဦးတည်းသောသား
မောင်ကျော်စည်သူမြင့် **Second Mate (F.G)Uniteam Marine Ltd.**
နှင့်
ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ရွှေကိန္နရီအိမ်ရာ၊ အမှတ်(၆/ခ)နေ
ဒေါက်တာမျိုးလွင် [ဗိုလ်မှူးကြီး(ငြိမ်း)]–ဒေါ်မူမူလှတင်တို့၏သမီး
မကေခိုင်မျိုးလွင်
B.Sc.(Chemistry)(Hons) Bachelor of Business Studies (YIE)
Air Bagan Ltd.

တို့၏ ၁၉–၁၂–၂၀၀၇နေ့တွင် ရွှေပင်လုံရိပ်မွန်နေအိမ်၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ဦးဇော်လင်းမောင် (ဒုတိယညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး)နှင့် ဇနီး ဒေါ်ထူးထူးငွေ (ဒုတိယညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး)၊ ၂၅–၁၂–၂၀၀၇နေ့တွင် Traders Hotel (Myanmar Ball Room)၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲ၌ မင်္ဂလာစံပယ်ပန်းကုံး ဆင်မြန်းပေးပါသော အဂ္ဂမဟာသီရိသုဓမ္မဓဇ ဓဇောတရေ၊ မဟာသဒ္ဓမ္မ ဇောတိကဓဇ၊ စည်သူတံဆိပ်ရ သီရိပျံချီ၊ စည်သူ၊ သရေစည်သူ ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း)နှင့် ဇနီး ဒေါ်တင်တင်မြင့်၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော Capt. သန်းဦး (Director Personnel, Uniteam Marine Ltd)နှင့် ဇနီး ဒေါ်မာလာသိန်းရွှေ၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၏ ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့်၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပါသော ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ဇနီး ဒေါ်ထွေးထွေးညွန့်၊ မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးများအားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးသော တေးသံရှင် ဟေမာနေဝင်း၊ The Aces တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မိတ်ကပ်နှင့် ဆံပင်စိုးစိုး၊ မင်္ဂလာပန်းအလှပြင် လင်းလင်း၊ မင်္ဂလာဝတ်စုံ ဖန်တီးပေးသော မမဍူ (Zu Zu Collection)၊ ဗီဒီယိုမှတ်တမ်းတင်နှင့် ဓာတ်ပုံရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော ညီမလေး ဟေမွန်အောင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မဖြူနှင်းဝေနှင့် မခင်သူဇာကျော်၊ သတို့သားအရံ ကိုအောင်အောင်ကျော်၊ ကိုအောင်တင်မိုး၊ သတို့သမီးအရံ ညီမလေး မသဥ္ဇာမျိုးလွင်နှင့် မထက်ထက်ဇော်တို့အားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် Traders Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကျော်စည်သူမြင့်–မကေခိုင်မျိုးလွင်

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်၊ ၁၀၁၊ ၁၀၂(A)၊ အခန်း(၅၀၁)နေ
ဦးညီညီ (ဒု–တိုင်းဦးစီးမှူး၊ ရန်ကုန်တိုင်း ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန)–
ဒေါ်သန်းသန်းတို့၏ သားလတ်
ဗိုလ်ကြီးမင်းသန့်ကို B.E (Civil) DSTA,M.E (Applied Mechanics) MATI
လက်ထောက်ကထိက (တပ်မတော်နည်းပညာတက္ကသိုလ်)
နှင့်
ရန်ကုန်မြို့၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး
ဒီဂရီကောလိပ်ဝင်းအတွင်းနေ ဦးသန့်ဇင် [ပါမောက္ခ၊ ဌာနမှူး(စာပေ)၊ ပြည်ထောင်စု
တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်]–ဒေါ်အေးအေးမာတို့၏ သမီးငယ်
မငြိမ်းအေးသန့်ဇင် B.Sc (Chemistry), Myanmar Info-Tech

တို့သည် ၂၅–၁၂–၂၀၀၇ ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးမင်းသန့်ကို–မငြိမ်းအေးသန့်ဇင်

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ပဲခူးတိုင်း၊ တောင်ငူမြို့နေ (ဦးလှိုင်–ဒေါ်သန်းညွန့်)နှင့် ဦးမြသိန်း–(ဒေါ်ခင်ညွန့်)တို့၏ မြေး၊
တောင်ငူမြို့၊ ဗိုလ်မှူးဖိုးကွန်းလမ်း၊ အမှတ် (၅/၁၃၉) နေ ဦးညွန့်လှိုင်–ဒေါ်တင်တင်ချို
(မြတ်ရွှေစင်စိန်ရွှေရတနာဆိုင်)တို့၏တစ်ဦးတည်းသောသား၊ မအိအိလှိုင်၊
မအေးမမလှိုင်တို့၏မောင် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်း၊ အမှတ်(၁၆)၊
မြေညီထပ်နေ
ဒေါက်တာတင်မောင်ညွန့် M.B.,B.S (Mgy)
နှင့်
ဧရာဝတီတိုင်း၊ မြောင်းမြမြို့နယ်နေ (ဦးတန်ဟုတ်စိန်–ဒေါ်ရန်ကံတီ) နှင့်
(ဦးရန်ရှင်း–ဒေါ်ကျော့)တို့၏ မြေး၊ မြောင်းမြမြို့၊ (၆)လမ်း၊ အမှတ်(၁၂)နေ
ဦးကျော်လွင်–ဒေါ်မြင့်မြင့်ချို(တစ်ခွန်းဆီဆိုင်)တို့၏ သမီးလတ်၊
ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်(၃)လမ်း၊ အမှတ်(၃၅)၊ မြေညီထပ်နေ
ဒေါက်တာအေးအေးမြင့် M.B.,B.S (Mgy)

တို့သည် ၂၅–၁၂–၂၀၀၇ နေ့တွင် Panda Hotel ၌ နှစ်ဖက်သော မိဘများရှေ့မှောက်၌ သဘောတူ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဒေါက်တာတင်မောင်ညွန့်–ဒေါက်တာအေးအေးမြင့်

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

အေလာမြို့ သရက်တောပရိယတ္တိစာသင်တိုက် ‘အရဟံ’ စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၂၅

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့်ဇနီး ဒေါ်ဆွေဆွေဦးတို့သည် ယမန်နေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်လယ်ဝေးမြို့နယ် အေလာမြို့ သရက်တော ပရိယတ္တိစာသင်တိုက်ရှိ အရဟံစေတီတော်မြတ်ကြီး တတိယအကြိမ်မြောက် ဗုဒ္ဓပူဇနိယ ပွဲတော်နှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် နေပြည်တော်ပျဉ်းမနား မင်္ဂလာဇေယျုပါဌိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိမလ ဗုဒ္ဓိထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွား သရဇ္ဈာယ်ချီးမြှင့်တော်မူကြပြီး အေလာမြို့ သရက်တော ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်သာသနဓဇဓမ္မာစရိယဝိရူငါးဘွဲ့ရ ဘဒ္ဒန္တကုမာရက အနုမောဒနာတရား ဟောကြား ချီးမြှင့်တော်မူသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❁

နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဇနီး ဒေါ်ဆွေဆွေဦးတို့ နေပြည်တော်လယ်ဝေးမြို့နယ် အေလာမြို့ သရက်တော ပရိယတ္တိစာသင်တိုက်ရှိ အရဟံစေတီတော်မြတ်ကြီး တတိယအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်တော်လောင်းလှူပွဲတွင် သံဃာတော်များအား နဝကမ္မဝတ္ထုငွေများ၊ ဆွမ်းဆန်တော်များ၊ လှူဖွယ်ဝတ္ထုပစ္စည်းများအား လောင်းလှူစဉ်။ (သတင်းစဉ်)

ဒီဇင်ဘာ ၂၆ ရက် ညနေထိ မိုးလေဝသ ခန့်မှန်းချက်

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ် အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။

ယနေ့သတင်းအညွှန်း

နိုင်ငံတကာ အားကစား သတင်းများ ➧ စာမျက်နှာ - (၅)

မှုခင်းသတင်းများ ➧ စာမျက်နှာ - (၅)

ကမ္ဘာမြေတစ်လွှား မှတ်တမ်းဝင် ဖြစ်ရပ်များ ➧ စာမျက်နှာ - (၉)

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား